
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# မြန်မာ ခေတ်ဦး စီးပွားရေး

ခင်မောင်ညို (ဘောဂဗေဒ)

mgyoe.com


မြန်မာ့
ရှေ့ဦး
စီးပွား
ရေး
ခင်မောင်ညို (ဘောဂဗေဒ)
kmn0038
2200.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်ဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၂၀၀ ကျပ်

၀၀၈ · ၀၄

မြန်မာ့နွေဦးစီးပွားရေး
ခင်မောင်ညို(ဘောဂဗေဒ) -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၆၀ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) မြန်မာ့နွေဦးစီးပွားရေး

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့နွေဦး စီးပွားရေး

ခင်မောင်ညို(ဘောဂဗေဒ)

ပထမအကြိမ်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လျှော့ဈေး | ၅ |
| ၂။ | နိုင်ငံစုံကုမ္ပဏီတစ်ခုက စီးပွားရေးလုပ်ငန်း ခေါင်းဆောင်တစ်ယောက်ဖြစ်ရခြင်း | ၇ |
| ၃။ | ထိရောက်တဲ့ အကူအညီ | ၁၁ |
| ၄။ | ဂျပန်တွေလိုမ့်ဝင်နေတဲ့ မြန်မာနိုင်ငံ | ၁၄ |
| ၅။ | မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှု ရှေ့ဆက်ရမည့်ခရီးရှည် | ၁၉ |
| ၆။ | နိုင်ငံရေးဘောဂဗေဒ၏အနိုင်ကျင့်မှု | ၂၃ |
| ၇။ | ဟန်ပြငွေကြေးစစ်ပွဲ | ၂၈ |
| ၈။ | မြန်မာအရေးအမေရိကန်မှာဆွေးနွေး | ၃၂ |
| ၉။ | မြန်မာ့စက်မှု တည်ထောင်ရေး ခရီးရှည် | ၃၅ |
| ၁၀။ | ကုမ္ပဏီတွေအပေါ်ယုံကြည်မှု | ၃၈ |
| ၁၁။ | ခုတ်ရာတခြား | ၄၂ |
| ၁၂။ | ဖွံ့ဖြိုးရေးအတွက် ဘွဲ့ | ၄၆ |
| ၁၃။ | ပိုင်ဆိုင်မှုနှင့် ဒေါ်အောင်ဆန်းစုကြည် | ၅၀ |
| ၁၄။ | နိုင်ငံတကာနိုင်ငံရေးအခင်းအကျင်း အပြောင်းအလဲကြားမှ မြန်မာနိုင်ငံ ဈွန်းပေါ်လာခြင်း | ၅၄ |
| ၁၅။ | စီးပွားရေးပိတ်ဆို့မှုအတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ် | ၆၅ |
| ၁၆။ | အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၃ ခုနှစ် မြန်မာ့စီးပွားရေး သုံးသပ်ချက် | ၆၉ |
| ၁၇။ | အနောက်တိုင်းနည်းနှင့် အာရှနည်း ဘယ်စီးပွားရေးလုပ်နည်းက တစ်ပန်းသာ | ၇၅ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၈။ | လောကြီးသော ရင်းနှီးမြှုပ်နှံသူများအတွက် ခပ်စပ်စပ် မြန်မာ | ၈၃ |
| ၁၉။ | တရုတ် မြန်မာ ဆက်ဆံရေးကောင်းစေဖို့ | ၈၆ |
| ၂၀။ | တရုတ်နှင့်ပြောင်းလဲနေသော မြန်မာ(၁) | ၉၀ |
| ၂၁။ | တရုတ်နှင့် ပြောင်းလဲနေသော မြန်မာ (၂) | ၉၆ |
| ၂၂။ | မြန်မာ့စီးပွားရေးအလားအလာနှင့် တကယ်စွမ်းအား | ၁၀၀ |
| ၂၄။ | မြန်မာ့ဒီမိုကရေစီ လမ်းကြောင်းအဖွင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် အလားအလာ (၁) | ၁၀၄ |
| ၂၅။ | မြန်မာ့ဒီမိုကရေစီ လမ်းကြောင်းအဖွင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် အလားအလာ (၂) | ၁၁၁ |
| ၂၆။ | မြန်မာ့ဒီမိုကရေစီ လမ်းကြောင်းအဖွင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် အလားအလာ (၃) | ၁၁၅ |
| ၂၇။ | ပြုပြင်ပြောင်းလဲမှုက မြန်မာ့ တကယ့်အစွမ်းအစကို ထိခိုက်နိုင်သလား | ၁၂၀ |
| ၂၈။ | မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုက တရုတ်နိုင်ငံအပေါ် အကျိုးသက်ရောက်မှု | ၁၂၄ |
| ၂၉။ | ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ၂ ခုဘယ်သူရမလဲ | ၁၂၈ |
| ၃၀။ | ၂ နှစ် ကြိုပြင်ကြတဲ့ မြန်မာ့ရွေးကောက်ပွဲ | ၁၃၂ |
| ၃၁။ | မြန်မာ့အပြောင်းအလဲကို တရုတ်နိုင်ငံ၏တုံ့ပြန်မှုများ (၁) | ၁၃၇ |
| ၃၂။ | မြန်မာ့အပြောင်းအလဲကို တရုတ်နိုင်ငံ၏တုံ့ပြန်မှုများ (၂) | ၁၄၁ |
| ၃၃။ | အလားအလာများနှင့် အားနည်းချက်များ | ၁၄၅ |
| ၃၄။ | မြန်မာ့ အပြောင်းအလဲနှင့် ပထဝီနိုင်ငံရေး အကျိုးသက်ရောက်မှုများ | ၁၅၀ |
| ၃၅။ | ရင်းနှီးမြှုပ်နှံမှုတွေတိုးတာ သာမန်ပြည်သူတွေ အကျိုးရှိသလား | ၁၅၆ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# လျှော့ဈေး

ဈေးလျှော့ရောင်းတယ်ဆိုတာ အရောင်းသွက်အောင် လုပ်တဲ့ နည်းတစ်နည်း၊ မူလဈေးထက် လျှော့ရောင်းတော့ ရောင်းတဲ့သူရော၊ ဝယ်တဲ့သူရော အရောင်းအဝယ်ဖြစ်လို့ သဘောကျကြတယ်။ အထူးသဖြင့် ဝယ်တဲ့သူက သူတို့ လိုချင်တာကို ဈေးသက်သက်သာသာနဲ့ရလို့ ပိုသဘော ကျကြတယ်။ တကယ်တော့ လျှော့ဈေးဆိုတာ အဓိပ္ပာယ် ကြီးကြီးမားမား မဟုတ်ပါဘူး။ အစွံထုတ်တဲ့ နည်းတစ်နည်းပါပဲ။ စီးပွားရေးလုပ်ငန်းတွေက ဈေးလျှော့ရောင်းရင် ဝယ်သူတွေ လောဘတက်လာမယ်။ အကျိုးအမြတ် နည်းနည်းပိုရမယ်ဆိုတာသိလို့ လုပ်ကြတာပါ။ ဒီနည်းဟာ စီးပွားရေးလောကမှာ ရေပန်းစားအသုံးများလာတယ်။

စီးပွားရေးလောကမှာသာမက နိစ္စဓူဝ ကြုံတွေ့နေရတဲ့ ဘဝထဲမှာလည်း အလုပ်သမားတွေ အနေနဲ့ လျှော့ပေးချင်တဲ့၊ လျှော့လုပ်ချင်တဲ့စိတ်တွေ ရှိနေကြတယ်။

အလုပ်ခွင်ထဲမှာ တချို့ဝန်ထမ်းတွေက အပြည့်အဝ

mgyoe.com

mgyoe.com

ကြိုးပမ်း လုပ်ကိုင်တာမျိုး မဟုတ်ဘဲ ၇၀၊ ၈၀ ရာခိုင်နှုန်းလောက်ပဲ အလုပ်လုပ်ကြတယ်။ ခက်ခက်ခဲခဲလုပ်စရာ၊ ကြာကြာလုပ်စရာနဲ့ တွေ့တဲ့အခါ အလုပ်ချိန်လျှော့လုပ်တယ်။ အလုပ်ကို လျှော့လုပ်ကြတယ်။ အသက်သာ ခိုကြတယ်။ ကိုယ်သက်သာအောင် လုပ်ကြတယ်။ လျှော့လုပ်တဲ့သူတွေက အကျိုးရှိတယ်လို့ ထင်ကြပေမဲ့ အလုပ်ရှင်ဘက်ကကြည့်ရင်တော့ လျှော့လုပ်တဲ့ဝန်ထမ်းတွေဟာ အကျင့်ပျက်တဲ့သူတွေပဲ။

တချို့လူတွေကျတော့ အကောင်းဆုံး၊ အမြန်ဆုံး၊ အမှန်ကန်ဆုံး၊ တတ်နိုင်သမျှ စင်းလုံးချော အဖြစ်ဆုံးဖြစ်အောင် ကြိုးစားကြတယ်။ အကောင်းဆုံး အလုပ်လုပ်ကြတယ်။ သစ္စာစောင့်သိကြတယ်။ တချို့လူတွေက ပြီးပြီးရော လုပ်ကြတယ်။ ကြီးကြပ်တဲ့သူကတောင် ပြောနေစရာမလိုဘူး။ ဘယ်သူတွေအကျိုးရှိတယ်၊ ဘယ်သူတွေ ထိခိုက်တယ်ဆိုတာ ဘေးလူက မြင်တယ်။


ကမ္ဘာပေါ်မှာ ဘယ်ဟာ တန်ဖိုးရှိတယ်၊ ဘယ်ဟာ တန်ဖိုးမရှိဘူးဆိုတာ ဘယ်လောက်အသုံးဝင်သလဲ၊ ဘယ်လောက် လိုအပ်သလဲဆိုတဲ့အပေါ် မူတည်တယ်။ အသုံးဝင်တယ်ဆိုရင် ထူးပြီး ဈေးလျှော့နေစရာမလိုဘူး။ မလိုအပ်တာဆိုရင် ဘယ်လောက်ပဲ ဈေးလျှော့လျှော့ ဘာမှ သုံးလို့ရတာ မဟုတ်ဘူး။ ဒါကြောင့် အကျိုးအမြတ် နည်းနည်းလေး ပိုရဖို့အတွက် လောဘကြီးသင့်ဘူး။ အသုံးဝင်တာရဲ့ တန်ဖိုးကို ရှင်းရှင်းလင်းလင်း သိထားသင့်တယ်။ စကားပြောတဲ့အခါ ကိုယ်ပြောတဲ့စကားဟာ တန်ဖိုးရှိသင့်တယ်။ တန်ဖိုးရှိတဲ့စကား မဟုတ်ရင် ဘယ်သူမှ အလေးအနက်ထားမှာ မဟုတ်ဘူး။ လုပ်တာကိုင်တာတွေလည်း မှန်မှန်ကန်ကန် ဖြစ်ရမယ်။ ဒါမှ ကိုယ့်လုပ်ရပ်တွေဟာ အဖိုးမဖြတ်နိုင်တဲ့လုပ်ရပ်တွေ ဖြစ်မယ်။ ဟန်ဆောင်ပန်ဆောင်တွေ လုပ်နေမယ်၊ သဘာဝမကျဖြစ်နေမယ်။ တောင့်တောင့်တင်းတင်းကြီး ဖြစ်နေမယ်ဆိုရင် တခြားလူတွေက တန်ဖိုးထားကြမှာမဟုတ်ဘူး။ မှန်ကန်တဲ့ရိုးသားတဲ့ အပြုံးတွေ၊ စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင် တွေးတောတာတွေဟာလည်း တန်ဖိုးကြီးမားတယ်။ တန်ဖိုးရှိမရှိ သိတဲ့အပေါ် မူတည်ပြီး တန်ဖိုးရှိတယ်။ ဘယ်လောက် လျှော့ဈေးပေးသလဲဆိုတဲ့အပေါ် မူတည်ပြီး အကဲဖြတ်လို့ မရဘူး။

သန်းထောင်ချီချမ်းသာတဲ့ သူကြွယ်တစ်ဦးဟာ နိုင်ငံတစ်နိုင်ငံထက် ပိုပြီး ချမ်းသာနိုင်တယ်။ ဒါပေမဲ့ ကိုယ်ကျင့်တရားပျက်တဲ့သူဖြစ်လို့ လူတွေက သူ့ကို သဘောမကျကြရင် ကိုယ်ကျင့်တရားအရ တန်ဖိုးလုံးဝမရှိဘူး။ တခြားလူတွေနဲ့ ဆက်ဆံရေးကောင်းတဲ့ လူတွေဆိုရောက်လေရာအရပ်မှာ ကြိုဆိုလက်ခံချင်တဲ့ သူတွေ အများကြီး။ ရုပ်ဝတ္ထုဆင်းရဲလို့ သူတို့ရဲ့ နာမည်ကောင်းကို မထိခိုက်နိုင်ဘူး။ တန်ဖိုးမြင့်မားပြီး မြင့်မြတ်တဲ့ အကျင့်စရိုက်ရှိတဲ့ သူတွေကို စီးပွားရေးနဲ့တိုင်းလို့ မရဘူး။

နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခု၊ လူတစ်ယောက်၊ ဒါမှမဟုတ် ကိုယ့်ရဲ့ တန်ဖိုးကို အကဲဖြတ်တဲ့အခါ လျှော့ဈေးပေးတာတွေ မပေးတာတွေကိုထည့်တွက်ဖို့ မလိုဘူး။

mgyoe.com

mgyoe.com



# နိုင်ငံစုံကုမ္ပဏီတစ်ခုက စီးပွားရေးလုပ်ငန်း ခေါင်းဆောင်တစ်ယောက်ဖြစ်ရခြင်း

ပက်ပ်စီကိုလာကုမ္ပဏီရဲ့ ကူညီပံ့ပိုးမှု၊ ယူနက်စကိုရဲ့ အစီအစဉ်နဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ဇန်နဝါရီလ ၁၆ ရက်နေ့ကဖွင့်လှစ်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး (Center of E_cellence) ဖွင့်ပွဲကို တက်ရောက်လေ့လာခွင့်ရခဲ့တယ်။ ပြီးတော့ ပက်ပ်စီ အာရှပစိဖိတ်ဒေသခွဲ ဥက္ကဋ္ဌရဲ့ ဟောပြောပို့ချချက်ကိုလည်း နားထောင်ခွင့်ရခဲ့ပါတယ်။

ဒီဗဟိုဌာနရဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာ ရှိတဲ့ လူငယ်တွေရဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတွေ အလုပ်ခွင် ဝင်ရောက်နိုင်မယ့် ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။ ပက်ပ်စီဆိုတာကလည်း ကိုယ်ကျင့်တရားရှိတဲ့ လုပ်ပုံလုပ်နည်းတွေ၊ အမယ်စုံတာကိုမြှင့်တင်ပေးတဲ့ ဝန်ထမ်းတွေ ပူးပေါင်းပါဝင်မှုကိုအားပေးတဲ့၊ နာမည်ကောင်းရထားတဲ့ ကမ္ဘာကျော် ကုမ္ပဏီတစ်ခုပါပဲ။ ဒီဗဟိုဌာနကနေ လုပ်ငန်းတွေ လိုအပ်တဲ့ အသက်မွေး ဝမ်း

mgyoe.com

ကျောင်းပညာရပ်တွေသင်ပေးမယ်၊ အချိန်တို သင်တန်းတွေ ဖွင့်မယ်၊ ပြင်ပက ဧည့်သည်တွေ ကြွရောက်ဟောပြောတာတွေ ပြုလုပ်မယ်။ သတင်းနဲ့ ဆက်သွယ်ရေးနည်းပညာတွေကိုလည်း သင်ကြားပေးမယ်လို့ သိရပါတယ်။ သင်တန်းဖွင့်ပွဲမှာ 'နိုင်ငံစုံကုမ္ပဏီတစ်ခုက စီးပွားရေး လုပ်ငန်း ခေါင်းဆောင်တစ်ယောက် ဖြစ်ရခြင်း' အကြောင်းကို မီးစ်ဘီဘာက ဆွေးနွေးသွားတာ အလွန်စိတ်ဝင်စားစရာကောင်းလို့ တစ်ဆင့်ပြန်ပြီး ဖောက်သည်ချချင်ပါတယ်။

တကယ်တော့ ပက်ပ်စီဆိုရင် ကျွန်တော်တို့က ဖျော်ရည်ကုမ္ပဏီတစ်ခုလို့ မြင်ပေမယ့် သူပြောပြမှပဲ ကမ္ဘာပေါ်မှာ အကြီးဆုံး စိုက်ပျိုးရေးလုပ်ငန်းကြီး တစ်ခုဖြစ်ကြောင်း အာလူးကြော် (Frito-Lay) ထုတ်လုပ်ဖို့ အာလူးတန် ၄ သန်းထွက်အောင်စိုက်ရပျိုးရတယ်၊ Quaker oak အတွက် ဂျုံတန် ၆ သိန်း၊ လိမ္မော်သီးနဲ့ တခြားအသီးအနှံတွေ ဟင်းသီးဟင်းရွက်တွေ တန် ၃ သန်း လိုအပ်တဲ့အကြောင်း၊ နိုင်ငံပေါင်း ၃၀ ကျော်မှာ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်နေတဲ့အကြောင်း သိရပါတော့တယ်။

အာရှပစိဖိတ်ဒေသမှာပဲ လူဦးရေသန်း ၁၀၀၀ လောက်ရှိ စတုရန်းမိုင် ၅ ဒသမ ၇ သန်းကျော် ကျယ်ဝန်းတဲ့ ၂၂ နိုင်ငံပါဝင်တဲ့ ဈေးကွက် ၂၅ ခု ရှိနေတယ်။ လုပ်ငန်းလုပ်ပုံ လုပ်နည်းကလည်း တစ်မျိုးထဲမဟုတ်၊ ဖက်စပ်လုပ်တာက ၅ ခု၊ ကုမ္ပဏီပိုင်စက်ရုံက ၁၆ ခု၊ ဖရန်ချိုက်စ်ပေးထားတာက ၂၁ ခု၊ ဝန်ထမ်း ၆၃၀၀ မှာ နိုင်ငံသား ၂၅ မျိုး၊ အမျိုးသမီး အမှုဆောင်အရာရှိက ၃၇ ရာခိုင်နှုန်း။ ဖရန်ချိုက်စ်ဝန်ထမ်း ၇၀၀၀၀၊ လယ်သမားတွေက ၆၈၀၀ ကျော် ရှိတယ်။

ပါကစ္စတန်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ သြစတြေးလျနဲ့ နယူးဇီလန်တို့မှာ လယ်သမားတွေနဲ့ မြေယာ (၁၀၈၇၅) ဟက်တာမှာ ဒေသခံတွေနဲ့ ပူးတွဲလုပ်ကိုင်တာ တွေ့ရတယ်။ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာလည်း အဲသလို ပူးတွဲလုပ်မယ့် အလားအလာ ရှိနေတယ်။

ကျွန်တော့်စိတ်ထဲမှာ နိုင်ငံတကာကုမ္ပဏီတွေ မြန်မာနိုင်ငံထဲဝင်လာရင် ဈေးကွက်ဝေစု တချို့ ရသွားမှာဖြစ်ပေမယ့် ကိုယ့်နိုင်ငံအကြောင်း၊ ကိုယ့်ဈေးကွက်အကြောင်းကို ကိုယ်အသိဆုံးမို့ ကိုယ်တစ်ပန်းသာတဲ့ နယ်ပယ်တွေ အများကြီးကျန်မယ်လို့ ထင်ခဲ့မိတယ်။ ပက်ပ်စီက ဆွေးနွေးတာကို နားထောင်ပြီးတော့ အဲဒီအမြင် အတော်လေး လျော့ပါးသွားတယ်။ သူက ကမ္ဘာတစ်ဝန်း ဖြန့်ကျက်တဲ့ တံဆိပ်တွေ၊ ပစ္စည်းတွေ ထုတ်လုပ်သလို ဒေသအလိုက်၊ ဒေသအကြိုက် တံဆိပ်တွေ၊ ပစ္စည်းတွေလည်း ထုတ်လုပ်သေးတာကိုး။ ဒေသခံတွေရဲ့ အကြိုက်တွေ၊ မျှော်လင့်ချက်တွေကို ဒေသခံဝန်ထမ်းတွေကနေ တစ်ဆင့် ရယူပါသတဲ့။ ဒေသခံကုမ္ပဏီတွေက ဒေသရဲ့ အကြိုက်၊ ဒေသရဲ့ မျှော်လင့်ချက်၊ ဈေးကွက်ရဲ့ မျှော်လင့်ချက်တွေကို ဘယ်လောက် တွက်ဆနိုင်ကြသလဲ၊ နားလည်နိုင်ကြသလဲ။

ရည်ရွယ်ချက်ရှိတဲ့ စွမ်းဆောင်မှု (Perormance with Porpose) ဆိုတဲ့ ဆောင်ပုဒ်ရဲ့ အောက်မှာ လူတွေနဲ့ ကမ္ဘာကြီးရဲ့ ကျန်းမာကြံ့ခိုင်တဲ့ အနာဂတ်အတွက် ရင်းနှီးမယ်၊ ရေရှည် အမြတ်ကိုကြည့်မယ်။ အားလုံးက အကျိုးရှိရင် စီးပွားရေး လုပ်ငန်းအတွက်လည်း အကျိုး


mgyoe.com

mgyoe.com

ရှိမယ်လို့ မြင်တယ်။

သူဟောပြောအပြီးမှာ သင်တန်းသားတစ်ယောက်က ကုမ္ပဏီတွေရဲ့ လူမှုရေးတာဝန် ကျေပွန်မှု (Corporate Social Responsibility) အကြောင်း မေးမြန်းစူးစမ်းတယ်။ တကယ်တော့ အဲဒီဝေါဟာရကို သီးခြား မသုံးပေမယ့် သူတို့လုပ်ငန်းရဲ့ လုပ်ပုံ ကိုင်ပုံတွေမှာ အားလုံးအကျုံးဝင်နေတာ တွေ့ရပါတယ်။

သူ့ရဲ့ လုပ်ပုံကိုင်ပုံက ရည်ရွယ်ချက်လေးရပ်မှာ အခြေခံမယ်။ ဒီနေရာမှာ စဉ်ဆက်မပြတ် (Sustainable) ဆိုတဲ့ ကျွန်တော်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး သုံးနှုန်းတဲ့ သဘောတရားကို ဘဏ္ဍာရေး၊ လူသား၊ အစွမ်းအစတွေနဲ့ပါ တွဲဖက်သုံးသွားတာ တွေ့ရတယ်။ ငွေကြေးအရ စဉ်ဆက်မပြတ်ဖို့ ကမ္ဘာမြေရဲ့သဘာဝသယံဇာတတွေစောင့်ရှောက်ဖို့ အစွမ်းအစ ရှိသူတွေ ပါရမီရှင်တွေ စဉ်ဆက်မပြတ် ရရှိစေဖို့အတွက် လူသားတွေ တိုးတက်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ပါတယ်။




mgyoe.com

mgyoe.com

လက်ရှိ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကိုတော့ အချက် ၃ ချက်နဲ့ အကျဉ်းချုပ်တင်ပြသွားတယ်။ ပိုမိုရှုပ်ထွေးလာတယ်။ ယုံကြည်မှုတွေ ကျဆင်းလာတယ်။ ချိတ်ဆက် ဆက်သွယ်မှုတွေ တိုးပွားလာနေတယ်။

အခိုကကျတဲ့ သဘာဝသယံဇာတတွေ ရှားပါးလာနေတော့ စိုးရိမ်စရာတွေ ဖြစ်ပေမယ့် တာဝန်သိသိ စားသုံးကြဖို့၊ ပညာပေးဖို့၊ အစိုးရတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းကောင်း ဖြစ်တယ်။ ကမ္ဘာ့စီးပွားရေး အဆောက်အအုံမှာ မတည်ငြိမ်မှုတွေ၊ သဘာဝဘေးရန်တွေ များနေတာ၊ အထူးသဖြင့် ယူရိုဇုန်မှာ ဒုက္ခရောက်နေကြတာတွေကို တွေ့နေရတယ်။ အစိုးရ၊ ကုမ္ပဏီတွေ အမှုဆောင်အရာရှိတွေနဲ့ ဘဏ္ဍာရေး နယ်ပယ်တွေအပေါ် အများပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုတွေ သိသိသာသာ ကျဆင်းနေတယ်။ စီးပွားရေးလုပ်ငန်းတွေက လူ့အဖွဲ့အစည်းတွေကို အကျိုးပြုတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ လိုတယ်။

မြင်သာထင်သာရှိဖို့ မှန်ကန်တဲ့ ခေါင်းဆောင်မှုတွေ၊ အစစ်အမှန် ဆက်သွယ်ဆက်ဆံမှုတွေလည်း ရှိဖို့လိုအပ်တယ်။ လူမှုမီဒီယာတွေကလည်း စွမ်းရည်မြင့်လာနေတယ်။

ပက်ပ်စီရဲ့ ခေါင်းဆောင်မှုပုံစံမှာ သူများတွေ လုပ်ချင်ကိုင်ချင်အောင်၊ စိတ်အားတက်ကြွအောင် လုပ်ပေးတာ၊ ပူးပေါင်းဆောင်ရွက်တာနဲ့ ဩဇာလွှမ်းမိုးတာဆိုတဲ့ ကိုယ်နဲ့အတူတခြားသူတွေပါ ပါဝင်လာအောင် အတူဆွဲခေါ်တာအပြင် သိက္ခာနဲ့အညီ ပြုမူတာ၊ ယုံကြည်မှု တိုးပွားအောင်လုပ်တာဆိုတဲ့ နည်းမှန်လမ်းမှန်တွေပါ ပါဝင်တာတွေ့ရတယ်။

ပက်ပ်စီရဲ့ တန်ဖိုးထားမှုမှာ ဖောက်သည်တွေ၊ စားသုံးသူတွေနဲ့ ကိုယ်နေတဲ့ ကမ္ဘာကြီးကို ကြင်နာဖို့၊ ကိုယ်ဂုဏ်ယူနိုင်တဲ့ ထုတ်ကုန်တွေကိုပဲ ရောင်းချဖို့၊ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် ပြောဆိုဖို့၊ ရေတိုနဲ့ ရေရှည် အချိန်အဆမှန်ကန်ဖို့၊ အမျိုးအမယ်ကွဲပြားမှုကို လက်ခံပါဝင်ခွင့်ပြုပြီး အောင်မြင်မှုရစေဖို့၊ သူတစ်ပါးကိုလေးစားလို့ အတူတကွ အောင်မြင်ကြဖို့ ဆိုတာတွေ ပါဝင်ပါတယ်။

သူက တစ်ယောက်တည်းပြောတာ မဟုတ်၊ မေးခွန်းတွေကို ဖြေကြားရာမှာ သူနဲ့အတူပါလာတဲ့ အိန္ဒိယနိုင်ငံသား၊ ဗီယက်နမ်နိုင်ငံသားစတဲ့ ပုဂ္ဂိုလ်တွေကိုပါ မိတ်ဆက်ပွဲထုတ်ပေးပြီး ဖြေကြားစေတာလည်း ထူးခြားမှုတစ်ခုပါပဲ။

ခေါင်းဆောင်မှုဆိုရာမှာ တာဝန်ယူဖို့၊ အချိန်ကိုက်ဆုံးဖြတ်ချက်တွေ ပေးဖို့၊ အာရုံစိုက်ရမယ့် ဈေးကွက်ရှာဖို့၊ ကိုယ့်ဝန်ထမ်းတွေဟာ သံတမန်တွေလို ထင်ရှားစေဖို့၊ တီထွင် ဆန်းသစ်ဖို့၊ ဝန်ထမ်းတွေရဲ့ ကောင်းကျိုးချမ်းသာနဲ့ စိတ်ကျေနပ်မှုကို အာရုံစိုက်ဖို့တွေအကြောင်း ပြောသွားခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com



# ထိရောက်တဲ့ အကူအညီ

( ၁ )

မြန်မာနိုင်ငံ စီးပွားရေး၊ နိုင်ငံရေးတံခါးတွေ ပွင့်လာတဲ့အခါ နိုင်ငံတကာ အကူအညီတွေ ဝင်လာကြတော့မယ်။ အဲဒီ နိုင်ငံတကာ အကူအညီတွေကို တကယ်တမ်း ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချနိုင်ဖို့လိုတယ်ဆိုတဲ့ ကိစ္စတွေကို စတင်ဆွေးနွေးလာကြပါပြီ။

ကျွန်တော်တို့ ငယ်ရွယ်စဉ် ကျောင်းသားဘဝတွေ တုန်းကလည်း နိုင်ငံတကာ အကူအညီပေးတာ (Aid) နဲ့ ကုန်သွယ်ရေးလုပ်တာ (Trade) ဘယ်ဟာက ပိုပြီးအကျိုးရှိသလဲဆိုတာ ဆွေးနွေးသံ ကြားခဲ့ဖူးပါတယ်။

သေချာတာကတော့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာ အကူအညီရရှိရာမှာ နည်းပါးလှသလို နိုင်ငံတကာ ကုန်သွယ်ရေးဟာလည်း သိပ်ပြီးကြီးမားလှတာ မဟုတ်ပါဘူး။

ပြီးတော့ မှတ်မိနေသေးတာတစ်ခုကတော့ သူများ

mgyoe.com

mgyoe.com

ကို အားကိုးနေရင် ကိုယ်ပိုပြီး ချူချာ မယ်၊ တစ်သက်လုံး အားကိုးနေရမယ်ဆိုတဲ့ အယူအဆနဲ့ သူများအားကိုးပြီး ကိုယ့်နိုင်ငံ တိုးတက်အောင်လုပ်ရင် နောင်မှာ အားကိုးစရာမလိုတော့တဲ့ ဘဝကို ရောက်မယ်ဆိုတဲ့ အငြင်း အခုံကိုလည်း ဖတ်ဖူးမှတ်ဖူးခဲ့ပါသေးတယ်။

တစ်ခါတလေကျတော့လည်း အကူအညီပေးတယ်ဆိုတာ ဘယ်သူ့ အကျိုးအတွက်လဲ၊ အကူအညီပေးတဲ့သူရဲ့ အကျိုးအတွက်လား၊ အကူအညီယူမယ့် သူရဲ့ အကျိုးအတွက်လား၊ အကျိုးလိုလို့ ညောင်ရေလောင်းတာလား စသည်ဖြင့် ကတ်သီးကတ် သတ်တွေးမိပြန်ပါရော။ သေချာတာကတော့ ဟိုတုန်းကပေးခဲ့တဲ့၊ အခုလည်း ပေးနေဆဲ အကူအညီ အတော်များများဟာ သူလိုချင်တာ၊ လိုအပ်တာထက်၊ ကိုယ်ပေးချင်တာတွေကို ကိုယ့် အစီအစဉ်နဲ့ ကိုယ်ပေးတာ ဖြစ်နေတာတွေက များတာပါပဲ။

( ၂ )

တစ်နေ့က တရုတ်စီးပွားရေးပညာရှင် ပါမောက္ခတချို့နဲ့ တွေ့ပါတယ်။ သူတို့က မြန်မာနိုင်ငံကို ထိထိရောက်ရောက် ဘယ်လိုအကူအညီပေးနိုင်သလဲဆိုတာ သိချင်သတဲ့။ တရုတ်ကုမ္ပဏီတွေရဲ့ လူမှုရေးတာဝန်ကျေပွန်မှုတွေကို မြန်မာအပါအဝင် တခြားနိုင်ငံတွေကိုပါ သွားပြီး လေ့လာကြမယ်တဲ့။

မြန်မာ အမျိုးသမီးအယ်ဒီတာ တစ်ယောက်ကတော့ မြန်မာဒေသခံတွေဟာ လျော်ကြေးပေးတာ လိုချင်ကြတာမဟုတ်ဘူး။ အလုပ်အကိုင်တွေ၊ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းမှု အဆင်ပြေရေးတွေကို လိုချင်တာလို့ ပြောပြပါတယ်။

ဂျပန်နိုင်ငံက ဟိုတုန်းက လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေကို အကူအညီပေးလေ့ ရှိတယ်။ အများအားဖြင့် တန်ဖိုးတွေ၊ နိုင်ငံရေးအမြင်တွေ အပေါ်မှာ အခြေခံပြီး စဉ်းစားလေ့မရှိပေမယ့် နောက်ပိုင်းမှာ အပြောင်းအလဲရှိခဲ့တယ်။

တရုတ်နိုင်ငံက ခုအချိန်အထိ အခြေခံအဆောက်အအုံတွေကို အကူအညီပေးတာ များတယ်။ တရုတ်နိုင်ငံမှာလည်း ဆောင်ပုဒ်ရှိတယ်။ "ရွာတစ်ရွာချမ်းသာစေချင်ရင် အရင်ဆုံး လမ်းဖောက်ပေးလိုက်" လို့ ဆိုပဲ။

ဘာရည်ရွယ်ချက်နဲ့ အကူအညီပေးတာလဲ၊ ဘာအတွက် ကူညီချင်တာလဲလို့မေးတော့ ထောင်စုနှစ်ရည်မှန်းချက်တွေ ဖြည့်ဆည်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပေါ့လေ။ ဟိုတုန်းကတော့ နိုင်ငံရေး၊ လူမှုရေး ရည်မှန်းချက်တွေ ရှိခဲ့ပါတယ်။ ကောင်းတာကတော့ ဘာတွေလိုချင်သလဲ၊ ဘာလိုအပ်ချက်တွေ ရှိသလဲဆိုတဲ့ ကြိုတင်အကဲဖြတ်ပြီးမှ အကူအညီပေးရင် ကောင်းပါတယ်။ ဒီနေရာမှာလည်း အစိုးရ ထိပ်တန်းအရာရှိကြီးတွေရဲ့ အကဲဖြတ်ချက်၊ လိုအပ်ချက်နဲ့ ပြည်သူပြည်သား ရပ်သူရွာသားတွေရဲ့ အကဲဖြတ်ချက်တွေ၊ လိုအပ်ချက်တွေ ကွဲလွဲနိုင်ပါတယ်။

ဒီနေရာမှာ အရင်ကလုပ်ခဲ့တဲ့ စီမံကိန်းတွေကို ပြန်ပြီးအကဲဖြတ်ဖို့ ရရှိခဲ့တဲ့ သင်ခန်းစာတွေကို ပြန်လည်ဖော်ထုတ်ဖို့လည်း လိုပါတယ်။ အခုအကူအညီပေးချင်တာက ဘယ်နေရာ၊

mgyoe.com

ဘယ်ဒေသ၊ ဘယ်ကဏ္ဍက ဘယ်သူတွေကို ကူညီချင်တာလဲ။

အကူအညီပေးတာမှာ ပေးပုံပေးနည်းကလည်း ရှိသေးတယ်။ နည်းပညာအကူအညီပေးတာမျိုးလား၊ တစ်ခါတုန်းက အကူအညီပေးဖို့ စီစဉ်တဲ့ အစီအစဉ်တစ်ခုဆို မြန်မာကျွမ်းကျင်သူတွေတောင် မပါလိုက်ရပါဘူး။ သူ့လူသူခေါ်လာပြီး ပြီးသွားတာပါ။ တချို့ အကူအညီတွေက ငွေသားနဲ့ပေးပြီး တချို့အကူအညီကျတော့ ပစ္စည်းအနေနဲ့ ပေးတာမျိုးပါ။ ဖြန့်ပုံဖြန့်နည်းမှာလည်း တစ်လုံးတစ်ခဲတည်းပေးတာမျိုး၊ နှစ်အလိုက် အချိန်အလိုက် ခွဲပေးတာမျိုးတွေပါ။

အကူအညီတွေကို ဖြန့်ပေးတဲ့အခါမှာလည်း အရင်တုန်းက အစိုးရကတစ်ဆင့် ဖြန့်တာတွေများပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့လို ကိုယ့်အစီအစဉ်နဲ့ ဖြန့်တာတွေ ရှိသလို၊ ခုဆို အရပ်ဘက် အဖွဲ့အစည်းတွေကနေတစ်ဆင့် ဖြန့်တာတွေ ရှိလာတယ်။ ပြီးတော့ အကူအညီက ဘယ်ကာလအထိ ပေးမှာလဲ။ စီမံကိန်းပြီးတဲ့အခါ လုပ်ငန်းဆက်လက်ရှင်သန် ရပ်တည်နိုင်စွမ်း ရှိသလား။

စီမံကိန်းပြီးပြီဆိုရင်တော့ မျက်နှာလွှဲခဲပစ်လုပ်ဖို့ မကောင်းလှဘူး။ အကူအညီပေးတဲ့ စီမံကိန်းဖော်ဆောင်နေချိန်မှာလည်း စောင့်ကြည့် အကဲခတ်တာ၊ လုပ်ငန်းပြီးရင် အကဲဖြတ်တာ၊ ဖြစ်နိုင်ရင် ကြားခံအဖွဲ့အစည်းတစ်ခုခုကို သုံးရတာတွေ ရှိလာပါတယ်။

အခုဆိုရင် ပညာရေး၊ ကျန်းမာရေးကို ဦးတည်တဲ့ အကူအညီတွေ တိုးပွားလာပါပြီ။ ဟိုတုန်းက တချို့အကူအညီတွေဆို ကုန်သွယ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဆက်စပ်မှုရှိခဲ့ရာက အခုလူမှုရေးဘက်ကို လှည့်လာကြပြီ။ ပြီးတော့ အနောက်နိုင်ငံတွေရဲ့ အကူအညီပေးတဲ့ နည်းလမ်းတစ်ခုသာ အကောင်းဆုံးလို့ ဆိုမရဘဲ ထွန်းသစ်စနိုင်ငံတွေရဲ့ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံတွေကို ပေါင်းစပ်ပြီး အိမ်ရှင်နိုင်ငံရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ သုံးပွင့်ဆိုင် အကူအညီပေးရေး အစီအစဉ်တွေလည်း ရှိလာနေပါပြီ။

❐

mgyoe.com



# ဂျပန်တွေလိုမ့်ဝင်နေတဲ့ မြန်မာနိုင်ငံ

တိုကျိုက မြန်မာသံရုံး၊ ဗိဇာဌာနဟာတိတ်ဆိတ်ပြီး အလွန်အထီးကျန်တဲ့နေရာတစ်ခု ဖြစ်ခဲ့ဖူးပေမယ့် အခု မဟုတ်တော့ဘူး။ ဂျပန် နိုင်ငံကူးလက်မှတ်တွေ တစ်ပုံတစ်ခေါင်းကြီး။ စီးပွားရေးလုပ်ငန်း ဗိဇာလျှောက်ထားတဲ့ စက္ကူပုံးတွေကိုပြပြီး ဝန်ထမ်းတွေက ၂၀၁၂ ခုနှစ် စောစောပိုင်းကတည်းက အခုလိုဖြစ်လာတာပဲလို့ ပြောကြတယ်။

အောလ်နစ်ပွန်အဲလိုင်း (ANA) က စီးပွားရေးလုပ်ငန်းရှင်တွေပဲစီးတဲ့ လေယာဉ်တွေဟာ ရန်ကုန်နဲ့ တိုကျိုကို တိုက်ရိုက်ပြေးနေကြပြီး လေယာဉ်က ပြည့်သလောက်ပါပဲ။ ရန်ကုန်မှာရှိတဲ့ ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့ (JETRO) က အာရှရဲ့ အလားအလာ အကောင်းဆုံး နိုင်ငံတစ်ခုမှာ ငွေလာရှာဖို့ ကြိုးစားနေကြတဲ့ ဂျပန်လုပ်ငန်းတွေရဲ့ အကူအညီ တောင်းခံစာတွေ အပြည့်ဖြစ်နေတယ်လို့ ဆိုတယ်။

mgyoe.com

ဂျပန် ပြည်သူ့ဆက်ဆံရေးကုမ္ပဏီကြီး (Dentsu) ဆိုရင်လည်း မြန်မာနိုင်ငံရုံးဖွင့်ခဲ့ပြီ။ အာရှက နောက်ဆုံးစန်းပွင့်နေတဲ့ မြို့တော်ရန်ကုန်မှာ လက်သည်းဆေးခြယ်တဲ့ ဂျပန်ပညာရှင် တစ်ယောက် ကံစမ်းဖို့ရောက်နေတာလည်း တွေ့ရတယ်။

ပြီးခဲ့တဲ့ ၂ နှစ်လောက်အထိ ရန်ကုန်က လမ်းတွေပေါ်မှာ ကားတွေကခပ်ကျဲကျဲ။ ဟိုတယ်အခန်းလွတ်တွေကလည်း အများကြီး။ အခုတော့ လမ်းတွေကျပ်၊ ဟိုတယ်အခန်းတွေက အပြည့်ဖြစ်နေပြီ။ အိမ်ခန်းတွေ၊ ရုံးခန်းတွေရဲ့ ငှားရမ်းခတွေ တက်နေတာက ပုံမှန်ဖြစ်နေတဲ့ အခြင်းအရာသစ်တစ်ခုပါပဲ။

မြန်မာအစိုးရအပေါ် ချမှတ်ထားတဲ့ အမေရိကန်ဦးဆောင်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို ရုပ်သိမ်းဖို့ ဂျပန်အစိုးရကလည်း ထောက်ခံခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့ချိန်မှာ တရုတ်နဲ့ အိန္ဒိယတို့အတွက် အခွင့်အလမ်းတွေဖြစ်ခဲ့ရာက အခုတော့ ဂျပန်က အမီလိုက်ကြရတယ်။

တစ်ချိန်တည်းမှာပဲ အာဆီယံအသင်းဝင် နိုင်ငံတွေကလည်း အပြုသဘောဆက်ဆံရေး ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရနိုင်သမျှ အမိအရ ဆုပ်ကိုင်လာကြပြီလို့ သံတမန်တစ်ယောက်က ဆိုပါတယ်။

၂၀၀၇ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ သံဃာတော်တွေရဲ့ လှုပ်ရှားမှုနောက်ပိုင်းမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေ၊ အံ့သြလောက်တဲ့ အရှိန်အဟုန်နဲ့ ပေါ်ပေါက်လာအောင် စီးပွားရေး ပိတ်ဆို့မှုတွေဟာ အဓိကကျတယ်။ သံဃာတော်တွေဟာ နိုင်ငံရေးဆန့်ကျင်မှုတွေမှာ ရှေ့တန်းက ပါဝင်ခဲ့တယ်။

တပ်မတော်နဲ့ နိုင်ငံရေးခေါင်းဆောင်တွေဟာ ကိုယ့်နိုင်ငံ အထီးကျန်နေတဲ့ဘဝကို အဆုံးသတ်ပြီး ကြွယ်ဝတဲ့ စီးပွားရေးအဆောက်အအုံရဲ့ အကျိုးကျေးဇူးတွေကို ခံစားချင်ကြလို့၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေ ပေါ်ပေါက်လာတယ်။

သူတို့ဟာ တရုတ်နိုင်ငံရဲ့ လွှမ်းမိုးမှုကိုလည်း တန်ပြန်ချင်စိတ် ပြင်းပြနေကြတယ်။ ဗြိတိသျှကိုလိုနီအောက်မှာ အတူနေခဲ့ရတဲ့ အိန္ဒိယနဲ့ကတော့ မေတ္တာမပျက်ကြသေးဘူး။

စီးပွားရေးပိတ်ဆို့မှုတွေ ဖယ်ရှားလိုက်တော့ နိုင်ငံတကာ ဘဏ္ဍာရေး အဖွဲ့အစည်းတွေရဲ့ အကူအညီတွေ ပြန်ရကြတော့မယ်။ အနောက်နိုင်ငံတွေနဲ့ ဂျပန်ကနေ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဖွံ့ဖြိုးရေးအကူအညီတွေ ပြန်ရကြတော့မယ်။

စီးပွားရေးပိတ်ဆို့မှုတွေ အဆုံးသတ်သွားတဲ့ အဓိကအကြောင်းရင်းက အတိုက်အခံခေါင်းဆောင်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ၁၉၈၉ ခုနှစ်၊ ဇူလိုင်လနောက်ပိုင်း ၂၁ နှစ် အတွင်းမှာ ၁၅ နှစ်လောက် ဖမ်းဆီးထားတာကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ အဆုံးသတ်ခဲ့ပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်အောင် ဆွဲဆောင်နိုင်ခဲ့လို့ ဖြစ်တယ်။

၂၀၀၇ ခုနှစ်မှာ ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ သမ္မတဖြစ်လာခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရသစ်ဟာ ရည်မှန်းချက်တွေရရှိဖို့ သိသာထင်ရှားတဲ့ ပြုပြင်

mgyoe.com

ပြောင်းလဲမှုတွေ လုပ်ဖို့လိုအပ်သလို လုပ်လည်း လုပ်ခဲ့ပါတယ်။

အကြံပေးတစ်ယောက်ကတော့ "သူတို့ရဲ့ ဗိဇမှာ ဒီမိုကရေစီဆိုတာ ရှိတာမဟုတ်ပေမယ့် ဒီနည်းနဲ့ပဲ တိုးတက်မှုရပြီး ခွဲခြမ်းစရာ ဝေစုကြီးကြီးရမယ်လို့ အထက်တန်းလွှာတွေက ယုံကြည်ကြတယ်" လို့ ပြောပြတယ်။ စနစ်သစ်ထဲမှာ အင်အားကောင်းတဲ့ အကျိုးစီးပွားတွေရဲ့ နယ်ပယ်ကျယ်ပြန့်လာတဲ့အခါ အသစ်ပြောင်းတာကို ကြိုဆိုလက်ခံ၊ အာမခံတဲ့သူတွေ ဖြစ်လာကြတယ်။

ဂျပန်လုပ်ငန်းတွေ မြန်မာနိုင်ငံထဲ လိမ့်ဝင်လာကြတာဟာ မကြာမီကမှ ရရှိခဲ့တဲ့ နိုင်ငံရေးအကျိုးအမြတ်တွေကို ထောက်ခံအတည်ပြုရာ ရောက်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၊ စဉ်ဆက်မပြတ်စေဖို့လည်း အထောက်အကူဖြစ်စေမယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ဘယ်လို တိုးတက်နေသလဲဆိုတာ သွားလေ့လာကြတဲ့ ဂျပန်ကုန်သည်ကြီးများဟာ မကြာမီကပဲ ဂျပန်ကို ပြန်ရောက်လာကြတယ်။ သူတို့ရော ဂျပန်ဝန်ကြီးချုပ်သစ်ရဲ့ အစိုးရပါ။ သီလဝါကို မျက်စိကျနေကြတယ်။ သီလဝါဟာ ရန်ကုန်ရဲ့ အရှေ့ဘက် ကားမောင်းသွားရင် တစ်နာရီလောက်ပဲကြာတဲ့ ခရီးမှာရှိတယ်။ အဓိကအားဖြင့် ဂျပန်တွေ စီးပွားရေးလုပ်နိုင်ဖို့ လျာထားတဲ့နေရာ ဖြစ်တယ်။ သယ်ယူပို့ဆောင်ရေး အခက်အခဲကို ပြေလည်စေမယ့်အပြင် ကုန်ချောထုတ်လုပ်ဖို့ အထူးစီးပွားရေးဇုန်လည်းပါတဲ့ အထူးစီမံကိန်းတစ်ခု ဖြစ်တယ်။

ဂျပန်တွေ ဒီနေရာကို ဘယ်လို ရသွားသလဲဆိုတာလည်း သိကြပြီးသားပါ။ အနောက်နိုင်ငံက စာနယ်ဇင်းတွေမှာပါတဲ့အတိုင်း ၂၀၁၁ ခုနှစ် အောက်တိုဘာလက သမ္မတကြီး ဦးသိန်းစိန်၊ တိုကျိုမှာ ဂျပန်–မြန်မာ အသင်းဥက္ကဋ္ဌနဲ့ ဆက်သွယ်ရေး ဝန်ကြီးဟောင်းဖြစ်ခဲ့သူတို့ အတူတကွ ညစာစားခဲ့ကြတယ်။ သမ္မတကြီးက ယူလာတဲ့ မြေပုံကိုပြပြီး သီလဝါမှာ မြေဟက်တာ ၂၄၀၀ လောက်ရှိတယ်။ ဂျပန်က ဒီလုပ်ငန်းစီမံကိန်းကို လုပ်စေချင်တယ်လို့ ပြောခဲ့တယ်။

ငြင်းကြ၊ ခုံကြပြီးတဲ့နောက် ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ ဂျပန်အစိုးရ အဖွဲ့အစည်းတွေနဲ့ မစ်ဆုဘီရှိ၊ ဆူမီတိုမိုနဲ့ မရူဘီနီတို့အပါအဝင် ဂျပန်လုပ်ငန်းကြီးတွေဟာ ဒေါ်လာ ၁၈ ဘီလီယံ စီမံကိန်းအတွက် ပြင်ဆင်ထားတယ်လို့ ကြေညာတယ်။ ထားဝယ်ရဲ့ တောင်ဘက်က အလားတူ ဆိပ်ကမ်းစီမံကိန်း တစ်ခုမှာလည်း ဂျပန်က ဒေါ်လာ ၃ ဘီလီယံလောက် မြှုပ်နှံမယ်။ အဲဒီစီမံကိန်းမှာ အဓိက တာဝန်ယူနေတာက ထိုင်းနိုင်ငံပါ။ ဒေသခံတွေရဲ့ ဆန့်ကျင်မှုတွေ၊ မြေယာပဋိပက္ခတွေကြောင့် အဲဒီစီမံကိန်းဟာ ဆိုင်းငံ့နေတယ်။

ပြည်တွင်းမှာ အရောင်းကျနေတဲ့ ဂျပန်ကုမ္ပဏီတွေဟာ အာရှက အလားအလာကောင်းနေတဲ့ နေရာတွေမှာ ဝင်ပါချင်ကြပြီး မြန်မြန်ဆန်ဆန်လည်း လုပ်ချင်ကြတယ်။ အင်ဒိုနီးရှားက ဂျာကာတာမှာဆို ဒေါ်လာ ၅၀ ဘီလီယံလောက် ဧရာမ အခြေခံအဆောက်အအုံစီမံကိန်းကြီးကို လုပ်နေတယ်။ ဂျပန်ခေတ်ကုန်သွားပြီလို့ ပြောနေတဲ့ လေ့လာသူတွေကို သူတို့ထင်သလိုမဟုတ်ဘူးဆိုတာ ပြောပြနေတယ်။

တကယ်တော့ ဂျပန်ဝန်ကြီးချုပ်ရဲ့ ဒေသတွင်း သံတမန်ရေးရာတိုက်စစ်ဟာ တောင်

mgyoe.com

အာရှနဲ့ အရှေ့အာရှ ပင်လယ်ပြင်တွေမှာ ပိုင်ဆိုင်မှုအငြင်းပွားမှုတွေကြောင့် တရုတ်နိုင်ငံ ဒေသတွင်းမှာ အထီးကျန်လာတာကို ညွှန်ပြသလို ဒေသတွင်းတိုးတက်မှုနဲ့ ပေါင်းစည်းမှုမှာ ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေ ပါဝင်ဖို့ ဂျပန်အစိုးရက ထောက်ခံတာကိုလည်း ပြသတယ်။

တကယ်တော့ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံမှာ အများဆုံး ရင်းနှီးမြှုပ်နှံတဲ့သူ ဖြစ်တယ်။ ၂၀၁၁ ခုနှစ် တစ်နှစ်ထဲမှာကို ဒေါ်လာ ၁၄ ဘီလီယံရှိပြီး အများစုဟာ စွမ်းအင်လုပ်ငန်း စီမံကိန်းတွေမှာ ဖြစ်တယ်။ ၁၉၈၈–၂၀၁၁ ခုနှစ်ကာလမှာ ဂျပန်လုပ်ငန်းတွေဟာ မြန်မာနိုင်ငံမှာ ဒေါ်လာ ၂၁၇ သန်းပဲ မြှုပ်နှံခဲ့လို့ ၁၂ ခုမြောက် အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဖြစ်နေတယ်။

ဒါပေမဲ့ ဂျပန်က အခုတစ်ကျော့ ပြန်လာနေပြီ။ ဂျပန်အစိုးရက နှစ်နိုင်ငံချင်းတင်နေတဲ့ အကြွေးတွေကို လျှော့ပေးလိုက်ပြီ။

ရွှေတွင်းတွေ့ရင် အလုအယက် အပြေးအလွှားသွားကြသလိုပဲ ပြိုင်ဘက်တွေက အများကြီး။ ဒါပေမဲ့ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေး၊ ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ၊ သတ္တုနဲ့ စွမ်းအင်ကဏ္ဍတွေမှာ အလားအလာကောင်းတွေ ရှိနေတယ်။ မြန်မာနိုင်ငံမှာ လုပ်ခသက်သာနေတာကလည်း ပို့ကုန်လုပ်ငန်းတွေ ပြိုင်ဆိုင်ဖို့ အထောက်အကူဖြစ်တယ်။

ဒါပေမဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၂ ခုနှစ် နှစ်ကုန်မှပဲ ပြဋ္ဌာန်းနိုင်တယ်။ မြန်မာ့ တရားရေးစနစ်ကလည်း သိပ်ပြီး အားမကိုးလောက်သေးဘူး။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မရောက်ဖူးသေးတဲ့ နယ်စိမ်းပယ်စိမ်းများ စမ်းတဝါးဝါးသွား နေရသလို ဖြစ်နေတယ်။

တရားဥပဒေစိုးမိုးရေးကိစ္စမှာ မြေယာကိစ္စဟာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်နေပြီး ဒေသခံတွေ စိတ်ဆိုးစရာ နိုင်ငံရေးမတည်မငြိမ်စရာတွေရဲ့ အဓိကအကြောင်းရင်း ဖြစ်နေတယ်။ မြန်မာတရားရေးကွန်ရက်ရဲ့ အဆိုအရ မြေယာကိစ္စတွေဟာ လာဘ်ပေးဖို့ ဈေးကစားဖို့ဆိုတဲ့ အခွင့်အလမ်းကောင်းတွေပဲလို့ ဆိုတယ်။

သီလဝါဟာ ရန်ကုန်နဲ့နီးနေတယ်။ ရန်ကုန်မှာက အရပ်ဘက် အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေ တော်တော်များများ အခြေစိုက်ကြတယ်။ ဒါ့ကြောင့် စောင့်ကြည့်စိစစ်မှုတွေ များတယ်။ အမေရိကန်က နာမည်ပျက်စာရင်း သွင်းထားတဲ့ လုပ်ငန်းရှင်တွေ ပါမပါကိုလည်း စိစစ်ကြည့်မည်။ စီမံကိန်းကြောင့် လယ်သမားတွေ၊ ငါးဖမ်းလုပ်ငန်းတွေ မထိခိုက်ရဖို့ဟာ စီမံကိန်းကြီးအတွက် သိပ်ပြီး စရိတ်မကြီးပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ အကျိုးစီးပွားကို ပစ်ပယ်ထားရင် နာမည်ပျက်မယ့် အန္တရာယ်နဲ့ အမျိုးသားရေးဝါဒီတွေ ဆန့်ကျင်မှုကိုခံရမယ့် အန္တရာယ်တွေ ရှိနေတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ သယံဇာတထုတ်ယူမှု နိုင်ငံရေးဟာ အကြိတ်အနယ် ဖြစ်လာနေပြီ။ ရှင်သန်တဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုဟာ ဘယ်လိုဖြစ်မယ်ဆိုတာကို ပုံဖော်နေကြပြီ။

ဝမ်းနည်းစရာကောင်းတာက တရုတ်နိုင်ငံဟာ ဒီအကြောင်းတွေကို ကောင်းကောင်း

mgloe.com

သိတယ်။ တရုတ်ဆန့်ကျင်ရေး စိတ်ဓာတ်တွေကလည်း အတော်လေး ပြင်းထန်နေကြတာကိုး။ တပ်မတော်နဲ့ တရုတ်ကုမ္ပဏီတွေပါဝင်တဲ့ လူသိများ ကြေးနီရှာကိစ္စကြောင့် မြန်မာ့ထိပ်တန်း ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံရေးထိခိုက်မယ့် အန္တရာယ်၊ ဒေသခံတွေရဲ့ မြေယာအခွင့်အရေးကို လျစ်လျူရှုထားရင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေအတွက် နိုင်ငံရေးအရ အန္တရာယ်ရှိတယ်ဆိုတာတွေကို မီးမောင်းထိုးပြနေတယ်။ အစိုးရက တရားဥပဒေစိုးမိုးမှု ရှိရမယ်။ သဘောတူ စာချုပ်တွေကို လိုက်နာဆောင်ရွက်ရမယ်လို့ဆိုပေမယ့် အများပြည်သူတွေက ဒေသခံတွေကို ဖယ်ရှားမယ့် တိတ်တဆိတ် သဘောတူညီချက်တွေလို့ မြင်နေကြတယ်။ ဒေသခံတွေကို ရွှေ့ပြောင်းမှုကြောင့် တရုတ်က အဓိကတည်ဆောက်နေတဲ့ ဆည်စီမံကိန်းကြီးတစ်ခုလည်း ရင်ဆိုင်ခဲ့ရတယ်။

ရွှေတွင်းတွေ့သလို အလောသုံးဆယ် ဝင်ကြတဲ့အခါ တားမရဆီးမရ စိတ်ဓာတ်တွေ ပေါ်ပေါက်လာစေတယ်။ မြန်မာနိုင်ငံမှာ ဒေသတွင်း ပြိုင်ဘက်တွေက လက်ဦးမှုရနေပြီး ဂျပန်က အခုမှ ဟန်ပြင်နေတာဟာ ရင်းနှီးမြှုပ်နှံသူတစ်ယောက် အနေနဲ့ရော အလုပ်ရှင်တစ်ယောက် အနေနဲ့ပါ နာမည်ကောင်းရဖို့ရှိပါတယ်။ ဒီနာမည်ကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းသင့်ပါတယ်။

(ဂျပန်နိုင်ငံ၊ တမ်ပဲလ်တက္ကသိုလ်၊ အာရှရေးရာဌာန ညွှန်ကြားရေးမှူး Jeftkingstam ရေးသားသော Gold Rash: japan Inc. Flacks to Myanmar ကို ဘာသာပြန်ဆိုသည်)

❑

mgyoe.com



# မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှု ရှေ့ဆက်ရမည့်ခရီးရှည်

ယခင်.. တစ်နှစ်ကျော်ခန့်က မြန်မာ နိုင်ငံတွင် ဆောင်ရွက်ခဲ့သော နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အပြုသဘောဖြင့် အာရုံစိုက်မှုများ ရှိလာခဲ့သည်။

ယခုအချိန်အထိ ကိုယ့်ကိုယ်ကိုယ် ပြစ်ဒဏ်ပေးထားသော နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံတကာက စိတ်သဘောထားနှင့် မူဝါဒ ပြောင်းပြန်လှန်ပစ်နိုင်ခဲ့ရာ မြန်မာ့ပြုပြင် ပြောင်းလဲရေး အစီအစဉ်များသည် အနာဂတ်တွင် အလားအလာကောင်းများနှင့် တွေ့ရတော့မည်ဟု မမျှော်လင့်ထားသော မျှော်လင့်ချက်များကို ထွက်ပေါ်လာစေသည်။ အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားအများစုနှင့် တိုင်းရင်းသား လူနည်းစု သန်းပေါင်းများစွာတို့အတွက် ထိုမျှော်လင့်ချက်များမှ သိသာမြင်သာသော ရလဒ်များ ထွက်ပေါ်နိုင်ခြင်း ရှိမရှိဆိုသည်မှာ အရေးတကြီးမေးနေကြသော မေးခွန်းတစ်ခု ဖြစ်သည်။ ထိုမေးခွန်းကို ခေါင်းညိတ်နိုင်ရေးသည်

mgyoe.com

mgyoe.com

မြန်မာ့စီးပွားရေး အဆောက်အအုံကို ဆက်လက်ပြုပြင်ပြောင်းလဲရေးမှ အစထား၍ အကြောင်းတရားများစွာတို့ အပေါ်တွင် မူတည်နေသည်။

ယခုအချိန်အထိ မြန်မာနိုင်ငံတွင် အမှန်တကယ် အကောင်အထည်ဖော်ခဲ့သော စီးပွားရေးပြုပြင် ပြောင်းလဲမှုများ၏ မှတ်တမ်းကိုကြည့်လျှင် ရလဒ်အမျိုးမျိုးဖြစ်နေသည်ကို တွေ့ရသည်။ အသက်ရှူမှားလောက်သော အစီရင်ခံစာများ ဖော်ပြသလောက် မဟုတ်ပါ။ နိုင်ငံအဆင့် စီးပွားရေးတိုးတက်မှု သိသိသာသာရရှိ သည်မှာ သေချာပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလက မြန်မာကျပ်ငွေကို နှုန်းရှင်မျှောရန် သမ္မတကြီး ဦးသိန်းစိန်၏ ဆုံးဖြတ်ချက်သည် အထိုက်တန်ဆုံး ဆုံးဖြတ်ချက်တစ်ခုဖြစ်ပြီး အမှန်တကယ် ပြုပြင်ပြောင်းလဲရန် ရည်ရွယ်ချက်ရှိကြောင်း ပြသလိုက်သည့် ပထမဆုံးသင်္ကေတ လည်း ဖြစ်သည်။ ယခုအချိန်ထိ ဖုံးကွယ်ထားသော မြန်မာနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံခြားငွေဖြင့် ရငွေကို အတိုင်းအတာတစ်ခုထိ ထင်သာမြင်သာအောင် ဆောင်ရွက်လိုက်ခြင်းလည်း ဖြစ်သည်။ ယခင်က အမေရိကန် ဒေါ်လာဖြင့် ချိတ်ဆက်ထားသော တန်ဖိုးအလွန်တရာ မြင့်တင်ထားသည့် ကျပ်ငွေစနစ်ကို အသုံးချကာ တလွဲအသုံးပြုနေသည့် စနစ်ကို ဖယ်ရှားလိုက် ခြင်းသည် အင်အားကောင်းပြီး နှစ်ပေါင်းများစွာ အကျိုးခံစားနေရသူတို့ကို ထိပ်တိုက်ရင်ဆိုင် လိုက်ခြင်းလည်း ဖြစ်ပါသည်။

ငွေလဲလှယ်နှုန်းကဲ့သို့ မကြီးကျယ်သော်လည်း အလားတူတန်ဖိုးရှိသော ပြုပြင်ပြောင်းလဲမှုများတွင် သွင်းကုန်နှင့် ပို့ကုန်ခွန်များကို ဖြေလျှော့ပေးခြင်း၊ ဘဏ်လုပ်ငန်းတချို့ကို အနည်းငယ် လွတ်လပ်ခွင့်ပြုခြင်း၊ မကြာမီ ဆက်သွယ်ရေးကဏ္ဍကို တံခါးဖွင့်ပေးတော့မည်ဖြစ်ခြင်း၊ အသေးစား ငွေကြေးလုပ်ငန်း ဥပဒေပြဋ္ဌာန်းခြင်းတို့အပြင် ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်များကို အလွန်နိမ့်သော အခြေအနေမှ မြှင့်တင်ပေးခြင်းတို့ ပါဝင်သည်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ထိုဥပဒေသစ်ပြဋ္ဌာန်းရန် ကြိုးပမ်းအားထုတ်ရာ၌ ပြင်းထန်နေသော ကိုယ်ကျိုးစီးပွား ကာကွယ်လိုစိတ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာ့စီးပွားရေး အဆောက်အအုံမှ အထူးအခွင့်အရေးများ ရရှိထားကြသူတို့က ၎င်းတို့၏ ဆန္ဒကို ထုတ်ဖော်ပြသခဲ့ကြသည်။ ထို့ကြောင့် နောက်ဆုံးဥပဒေသည် လွတ်လပ်သင့်သလောက် လွတ်လပ်မှုမရှိခဲ့ရာ ၎င်းတို့၏ သြဇာအရှိန်အဝါ လုံးဝပယ်ဖျောက်ခြင်း မရှိသည်ကို တွေ့ရသည်။

ထိုမူဝါဒတို့အပြင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် မြန်မာ့အစိုးရတို့ လာမည့်နှစ်အတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒများ ချမှတ်ရန် နားလည်မှုစာချွန်လွှာတစ်ခုရေးထိုးခဲ့ကြရာ ထိုသဘောတူ စီးပွားရေးမူဝါဒများတွင် ဆက်လက်၍ ငွေလဲလှယ်နှုန်း ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် ကတိကဝတ်၊ မြန်မာအစိုးရ၏ ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်နှုန်း ဝန်းကျင်သာဖြစ်စေရန်၊ အခွန်အကောက်မှ ရငွေနှင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်လာစေရန်တို့အပြင် နိုင်ငံတကာ ကြွေးကိစ္စများလည်း ပါဝင်သည်။

နိုင်ငံအဆင့် စီးပွားရေးစီမံခန့်ခွဲမှုတွင် ထိုတိုးတက်မှုများ ရှိနေသော်လည်း လက်တွေ့

mgyoe.com

တွင် ရန်ကုန်နှင့် နေပြည်တော်၏ ပြင်ပတွင် နေထိုင်ကြသော လူအများစုအနေဖြင့် အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ လယ်သမားများ၊ ကျေးလက်ဒေသတွင် နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေးရာ၌ စီးပွားရေးအခြေအနေမှာ ဆိုးဝါးလာပြီး အဆိုးဆုံးပင် ဖြစ်နေကြောင်း အဓိကထား၍ ပြောဆိုကြသည်။ နှစ်ပေါင်းများစွာ လယ်သမားတို့ လုံးဝဆင်းရဲနေကြသည်မှာ မှန်သော်လည်းလယ်သမားများသည် စိုက်ပျိုးရေးမှ ရသောငွေဖြင့် မဖူလုံခြင်း မရှိကြပေ။

ယခုအကြိမ်တွင် ပို၍သောကဖြစ်ရသည်မှာ တချို့သောပြဿနာများသည် ငွေလဲလှယ်နှုန်းကို စီမံခန့်ခွဲရာတွင် အားနည်းမှုကြောင့် ဖြစ်နေကြောင်းတွေ့ရ၍ ဖြစ်သည်။ အထက်၌ ဖော်ပြခဲ့သကဲ့သို့ပင် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကို ထိထိရောက်ရောက် မျှောရန် ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးကဏ္ဍအတွက် ကောင်းမွန်သောဆုံးဖြတ်ချက် ဖြစ်သော်လည်း ငွေကြေး၏ တန်ဖိုးသတ်မှတ်သည့် ယန္တရားသည် အားနည်းချက်များရှိနေပြီးငွေကြေး၏ တန်ဖိုးသည် အလွန်မြင့်မားနေသည်။ (မြန်မာနိုင်ငံ၏ မြင့်မားသော ငွေလဲနှုန်းကို ထည့်တွက်လျှင်ပင် ၄၀ ရာခိုင်နှုန်း ခန့် မြင့်မားနေသည်။) ထို့ကြောင့် လယ်သမားများ၊ ငါးလုပ်ငန်းများ၊ အငယ် စားစက်ရုံများနှင့် လက်မှုလုပ်ငန်းက ထုတ်လုပ်သော ကုန်စည်များသည် ပြည်တွင်းဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တွင် မယှဉ်နိုင် မပြိုင်နိုင်ဖြစ်သလို ကျပ်ငွေဖြင့် ရသောဝင်ငွေကိုလည်း လျော့နည်းစေသည်။

ကျေးလက်ဒေသ၌ သော်လည်းကောင်း၊ တခြားအရပ်ဒေသများ၌ သော်လည်းကောင်း၊ မူဝါဒကြေညာချက်နှင့် မြန်မာပြည်သူများ တွေ့ကြုံနေရသော စီးပွားရေးအခြေအနေတို့အကြား ကြီးမားသောခြားနားချက် ဖြစ်ရခြင်းနှင့်ပတ်သက်၍ တခြားသောအကြောင်းတရားများ ရှိသေးသည်။ ဤနေရာတွင် မူဝါဒ အကောင်အထည်ဖော်မှုပြဿနာနှင့် တီထွင်ဆန်းသစ်မှုနှင့် အပြောင်းအလဲပြုလုပ်ရမည်ကို ကြောက်ကာ နှစ်ပေါင်းများစွာက လက်ခံလာခဲ့သောအထက်မှ အမိန့်ကို စောင့်ဆိုင်းတတ်သော ဗျူရိုကရေစီအလေ့အထနှင့် ဆက်နွှယ်သည့်ပြဿနာများကို မီးမောင်းထိုးပြနိုင်သည်။

အလားတူပင် ပြုပြင်ပြောင်းလဲရေးလုပ်ရန် စာရင်းတွင် မြန်မြန်ဆန်ဆန် အကျိုးဖြစ်ထွန်းစေသည့် နည်းလမ်းများ အံ့သြစရာကောင်းစွာ ကျန်နေခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် လယ်ယာကဏ္ဍတွင် လယ်သမားများသည် မည်သည့်သီးနှံကို မည်သည့်အချိန်တွင် မည်သို့ ထုတ်လုပ်မည်ဟု ထုတ်လုပ်ခွင့် မရှိကြသေးပေ။ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်လမ်းများကဲ့သို့သော အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုကို မတွေ့ရပေ။ တတ်နိုင်သော အတိုးနှုန်းဖြင့် ရယူနိုင်သည့် ချေးငွေလည်း ရရှိခြင်း မရှိသေးပေ။ ထိုနယ်ပယ်အားလုံးတွင် ရင်းနှီးရမည့်စရိတ်သည် ကြီးမားသော်လည်း ခက်ခဲသောကိစ္စ မဟုတ်ပေ။ စစ်ရေးအသုံးစရိတ်အပါအဝင် အကျိုးမရှိသော အသုံးစရိတ်များကို လျှော့ချကာ ဆောင်ရွက်နိုင်သည်။

mgyoe.com

 mgyoe.com 


မြန်မာပြည်သူတို့ ဆက်လက် ဆင်းရဲနေရခြင်း၏ နောက်ဆုံး အကြောင်းအရာတစ်ခုမှာ မပြီးပြတ်သေးသော နိုင်ငံရေးပြုပြင် ပြောင်းလဲမှုမှ တစ်ဆင့် ပြုပြင်ပြောင်းလဲမှု၏ အသီးအပွင့်ကို မခံစားကြရသေးခြင်း ဖြစ်သည်။ အထင်ရှားဆုံးသာဓကမှာ တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာဒေသများ၊ အထူးသဖြင့် ရခိုင်နှင့် ကချင်ပြည်နယ်တို့တွင် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေခြင်းပင် ဖြစ်သည်။ ထိုနယ်ပယ်များတွင် စီးပွားရေး အခြေခံများ လုံးဝမရှိပေ။ စီးပွားရေးပညာရှင်များက ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်များ၏ အရေးပါမှုကို မကြာခဏ ပြောလေ့ရှိကြသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှု၏ အခြေခံအကျဆုံးဖြစ်သော လူတစ်ဦးတစ်ယောက်၏ လုံခြုံစွာနေထိုင်ခွင့်ကိုပင် မရရှိလျှင် စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုတို့ ရရှိမည်မဟုတ်ပေ။

မကြာမီက မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော ပြုပြင်ပြောင်းလဲမှုများတွင် အံ့အားသင့်စရာကောင်းသလို လူအတော်များများ ကျေနပ်စရာလည်း ဖြစ်ခဲ့ပါသည်။ သို့သော် မျှော်လင့်ထားသည့်အတိုင်းပင် ဤပြုပြင်ပြောင်းလဲမှုများသည် ပြီးဆုံးခြင်း မရှိသေးပါ။ မြန်မာအစိုးရသစ်က ပြုပြင်ပြောင်းလဲမှုများ ဆက်လုပ်ရန် ရည်ရွယ်ကြောင်း ကြေညာထားပြီးဖြစ်ပြီး နည်းပညာဆိုင်ရာအဖြေများကိုလည်း လက်လှမ်းမီပြီး ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဆက်လက်လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com



# နိုင်ငံရေးဘောဂဗေဒ၏ အနိုင်ကျင့်မှု

ဘောဂဗေဒပညာရှင်တွေက နိုင်ငံရေးနယ်ပယ်နှင့် ခပ်ခွာခွာနေခဲ့သည့် ခေတ်တစ်ခေတ် ရှိခဲ့ဖူးသည်။ ဘောဂဗေဒပညာရှင် (သို့) စီးပွားရေး ပညာရှင်တွေ၏အလုပ်သည် ဈေးကွက်စီးပွားရေး အဆောက်အအုံများ မည်သို့ အလုပ်လုပ်သည်၊ မည်သည့်အခါတွင် မအောင်မမြင် ဖြစ်ရသည်၊ စွမ်းရည်မြင့်မားစေရန်အတွက် မူဝါဒတွေမည်သို့ ချမှတ်ရေးဆွဲရမည်တို့ကို ဖော်ပြရန်သာဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်။ စွမ်းရည် မြင့်မားရေးနှင့် တန်းတူညီမျှရေးတို့ကဲ့သို့သော တစ် ခုခုကို ရွေးချယ်ရမည့် ကိစ္စများ၊ ရည်ရွယ်ချက်အမျိုး မျိုးဖြစ်နေသော ကိစ္စများ၌ ဘာတွေရ၍ ဘာတွေစွန့်လွှတ်လိုက်ရမည်ကို ဖော်ပြဆွေးနွေးသည်။ လိုချင်သောစီးပွားရေးရလဒ်တွေ ပေါ်ထွက်လာအောင် လုပ်ဆောင်ပေးနိုင်မည့်မူဝါဒတွေကို ညွှန်းသည်။

ဝင်ငွေတွေ မည်သို့မည်ပုံ ပြန်လည်ခွဲဝေကြမည်ဆိုသည့် ကိစ္စမျိုးတွေကိုပါ ညွှန်ပြလေ့ရှိသည်။ ထိုအကြံ

mgyoe.com

ဉာဏ်တွေကို နိုင်ငံရေးသမားတွေက လက်ခံချင်လျှင် လက်ခံ၊ လက်မခံချင်လျှင် စွန့်ပစ်နိုင်သည်။ လက်တွေ့ အကောင်အထည်ဖော်ရမည့်ကိစ္စမှာ အုပ်ချုပ်ရေးနယ်ပယ်က ဝန်ထမ်းတွေ ဗျူရိုကရက်တွေနှင့် သက်ဆိုင်သည်။

ထို့နောက် တချို့သော ဘောဂဗေဒပညာရှင်တွေက ပိုပြီး ရည်မှန်းချက် ကြီးမားလာကြသည်။ လွတ်လပ်သော ဈေးကွက် နှင့်ပတ်သက်သော အကြံပြုချက် အတော်များများကို ယခုထိ မည်သူမျှ ဂရုမစိုက်ကြသေး။ ကိုယ်ပေးသည့်အကြံတွေ အတော် များများကို ဘယ်သူကမျှ ဂရုမစိုက်ကြောင်း၊ လက်တွေ့ အခြေ အနေကို သဘောပေါက်လာသောအခါ ပျာယာခတ်ကုန်ကြသည်။ ကိုယ်သုံးနေကျ စိစစ်နည်း၊ ခွဲခြမ်းစိတ်ဖြာနည်းတွေကို အသုံးပြု၍ နိုင်ငံရေးသမားတွေ၊ ဗျူရိုကရက်တွေ၏ လုပ်ပုံကိုင်ပုံကို လေ့လာရန် ကြိုးစားအားထုတ်လာကြသည်။ ဈေးကွက်စီးပွားရေး အဆောက်အအုံတစ်ခုတွင် စားသုံးသူတွေ၊ ထုတ်လုပ်သူတွေ မည်သို့ ဆုံးဖြတ်ချက်ချကြသည်ဆိုသည့် သဘောတရားကို အခြေခံကာ နိုင်ငံရေးလုပ်ပုံကိုင်ပုံတွေကို စိစစ်လေ့လာကြသည်။ ထိုအခါ နိုင်ငံရေးသမားတွေကို မူဝါဒတွေ ချမှတ်ရာမှ ဝင်ငွေအများဆုံးရအောင် အားထုတ်သူတွေ၊ ထုတ်လုပ်ရောင်းချသူတွေလို မြင်လာရသည်။ နိုင်ငံသားတွေကို အကျိုးအမြတ် အများဆုံးရအောင် အားထုတ်ကြသော အုပ်စုတွေ မိမိတို့၏အကျိုးစီးပွားအတွက် ဝိုင်းဝန်းအားထုတ်ကြသော သူတွေအဖြစ် မြင်လာသည်။ နိုင်ငံရေးစနစ်ဆိုသည်မှာ ဆန္ဒမဲတွေ၊ နိုင်ငံရေးဩဇာတွေကို စီးပွားရေးအကျိုးအမြတ်တွေနှင့် ဖလှယ်သော ဈေးကွက်တစ်ခုအဖြစ် ရှုမြင်လာကြသည်။

ဤသို့ဖြင့် ဆင်ခြင်တုံတရားဖြင့် ရွေးချယ်မှုပြုလုပ်ခြင်း၊ နိုင်ငံရေးဘောဂဗေဒ ဘာသာရပ်နှင့် တခြားဆက်နွှယ်နေသော သဘောတရားတွေ အမျိုးမျိုးပေါ်ပေါက်လာသည်။ စီးပွားရေးရှုထောင့်မှကြည့်လျှင် အကြောင်းအကျိုး မညီညွတ်သောကိစ္စတွေ အများကြီးကို နိုင်ငံရေးသမားတွေက အဘယ်ကြောင့် ပြုလုပ်နေကြကြောင်း ရှင်းပြနိုင်လာကြသည်။ စီးပွားရေး ပြဿနာအတော်များများကို ဆွေးနွေးသည့်အခါ 'ကိုယ်ကျိုးစီးပွား' ဟူသော ဝေါဟာရက မပါမဖြစ်ဖြစ်နေသည်။

တကယ်တမ်းမပြိုင်ဆိုင်ကြဘဲ လုပ်ငန်းစုအတော်များများက တခြားသူတွေဝင်လာလို့ မရအောင် အဘယ်ကြောင့် ပိတ်ထားကြသနည်း၊ နိုင်ငံရေးသမားတွေက ထိုအခြေအနေမှ အကျိုးအမြတ်ရှိမည့် သူများ၏ အိတ်ထောင်ထဲတွင် ရောက်နေကြ၍ ဖြစ်သည်။ အဘယ်ကြောင့် အစိုးရက နိုင်ငံတကာကုန်သွယ်ရေးကို ပိတ်ပင်တားဆီးရသနည်း။ ထိုသို့ ကိုယ်ကျိုးစီးပွားကာကွယ်ရေး၏ အကျိုးကျေးဇူးကို ခံစားမည့်သူများမှာ တစ်စုတစ်စည်းတည်းရှိနေပြီး နိုင်ငံရေးဩဇာ ကြီးမားသောသူများ ဖြစ်နေကာ စားသုံးသူတွေက စုစုစည်းစည်းမရှိ၊ ပြန့်ကျဲနေသောကြောင့် ဖြစ်သည်။ စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုရစေမည့် ပြုပြင်ပြောင်းလဲရေးတွေကို နိုင်ငံရေးသမားတွေက အဘယ်ကြောင့် ပိတ်ဆို့ကြသနည်း။ တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုက သူတို့၏ နိုင်ငံရေးဩဇာအာဏာကို ထိပါးမည်စိုး၍ဖြစ်သည်။ ဘဏ္ဍာရေးအကျပ်အတည်းများ အဘယ်


mgyoe.com

mgyoe.com

ကြောင့် ပေါ်ပေါက်ဖြစ်ပွားလာရသနည်း။ ခံစရာရှိလျှင် အများပြည်သူကခံရမည့် အလွန်အကျွံ စွန့်စားမှုများကို ဘဏ်တွေက ပြုလုပ်နိုင်စေရန် မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်များကို ဘဏ်များက ထိန်းချုပ်ထားနိုင်ခြင်းကြောင့် ဖြစ်သည်။

ကမ္ဘာကြီးကို ပြောင်းလဲပစ်မည်ဆိုလျှင် ထိုအခြေအနေတွေကို နားလည်ရန် လိုသည်။ ဤသုံးသပ်စိစစ်ပုံတွေကြောင့် စီးပွားရေးနှင့် နိုင်ငံရေးရလဒ်တွေကို ပိုမိုနားလည်စေရန် အထောက်အကူဖြစ်သည်။

သို့သော် ပြောနိုင်တာ မြင်နိုင်တာနှင့်လုပ်နိုင်တာမတူ။ ပိုပြီးရှင်းပြနိုင်သော်လည်း ပိုပြီးကောင်းအောင် လုပ်နိုင်သည့် နယ်ပယ်တွေက ကျဉ်းကျဉ်းလာသည်။ နိုင်ငံရေးသမားများ၏ အပြုအမူကို သူတို့၏ကိုယ်ကျိုးစီးပွားက အဆုံးအဖြတ်ပေးသည်ဟုဆိုလျှင် ဘောဂဗေဒပညာရှင်တွေ ပေးသမျှ အကြံတွေကို နားဝင်ကြတော့မည်မဟုတ်ပေ။ လူမှုရေးသိပ္ပံ ဘာသာရပ်တွေ တိုးတက်လာလေ၊ မူဝါဒဆိုင်ရာ စိစစ်သုံးသပ်မှုတွေက အံ့မဝင်လေ ဖြစ်လာသည်။



mgyoe.com

mgyoe.com

ဤနေရာတွင် သဘာဝသိပ္ပံနှင့် လူမှုသိပ္ပံတို့ ကွာခြားခြင်းဖြစ်သည်။ သိပ္ပံပညာနှင့် အင်ဂျင်နီယာပညာ၏ အဆက်အစပ်ကို ဥပမာပြုပြီး ကြည့်ပါ။ သဘာဝ၏ ရုပ်ပိုင်းဆိုင်ရာ ဥပဒေသတွေကို သိပ္ပံပညာက ပိုပြီး နားလည်သဘောပေါက်လာလေ၊ အင်ဂျင်နီယာတွေက ပိုကောင်းသော တံတားတွေ၊ အဆောက်အအုံတွေကို ဆောက်နိုင်လေလေ ဖြစ်သည်။ သဘာဝသိပ္ပံ၏ တိုးတက်ဖြစ်ထွန်းမှုက ရုပ်လောကပတ်ဝန်းကျင်ကို ပုံသွင်းရာတွင် အဟန့်အတား အဖြစ် အထောက်အကူသာဖြစ်သည်။

သို့သော် နိုင်ငံရေးဘောဂဗေဒနှင့် မူဝါဒစိစစ်သုံးသပ်မှုတို့၏ ဆက်သွယ်ပုံမှာ ဤသို့ မဟုတ်ပေ။ နိုင်ငံရေးဘောဂဗေဒတွင် နိုင်ငံရေးသမားများ၏ အပြုအမူတွေကို အဓိကထား၍ စဉ်းစားရာ နိုင်ငံရေးခွဲခြမ်းစိတ်ဖြာသူတွေကို ဘေးဖယ်ထားသည်။

ရုပ်လောက၏သဘာဝကို ရူပဗေဒသမားတွေကရှင်းပြသော သဘောတရားတွေ ထုတ်ရုံ မျှသာမက ဘယ်လိုတံတားတွေ၊ အဆောက်အအုံတွေ ဆောက်သင့်သည်ကိုပါ အကြံပေးပုံ မျိုးနှင့် မတူပေ။ အင်ဂျင်နီယာကျောင်းပင် ဖွင့်စရာမလိုသည့် ပုံစံမျိုးမဟုတ်။

လက်တွေ့တွင် နိုင်ငံရေးဘောဂဗေဒ၏ လက်ရှိအခြေခံမူဘောင်၌ ယူဆချက်တွေ ရှိသည်။ ထိုယူဆချက်တွေကို ထုတ်ပြောမထားပေ။ နိုင်ငံရေးစနစ်များ လည်ပတ်ပုံနှင့်ပတ်သက် ၍ အခြေခံသောသဘောတရားတွေ ရှိနေသည်။ ထိုယူဆချက်တွေကို ထုတ်ပြလိုက်လျှင် ကိုယ် ကျိုးစီးပွား၏ အရေးပါသောအခန်းကဏ္ဍ ပျောက်သွားမည်။ မူဝါဒချမှတ်ပုံ၊ နိုင်ငံရေး ခေါင်း ဆောင်မှုနှင့် လူသားတို့က ပြန်ပြီး အသက်ဝင်လာမည်။

သဘောတရားများက နည်းလမ်းသုံးသွယ်ဖြင့် အကျိုးစီးပွားများကို ဖြစ်စေသည်။

ပထမဦးစွာသဘောတရားများကို အခြေခံ၍ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်တွေက သူတို့ကိုယ်သူတို့ အဓိပ္ပာယ်သတ်မှတ်ကြ၊ ဖွင့်ဆိုကြသည်။ သူတို့ဘာသာသူတို့ ရည်ရွယ်ချက် တွေ ချမှတ်ကြသည်။ ငွေကြေး၊ ဂုဏ်သိက္ခာ၊ အဆင့်အတန်း၊ ကြာရှည်အာဏာရရှိမှု၊ သို့မဟုတ် သမိုင်းအတင်ခံချင်ခြင်းဟူသော ရည်ရွယ်ချက်တွေ ရှိသည်။ ထိုသဘောတရားတွေ၊ ရည်မှန်း ချက်တွေအပေါ်မူတည်ပြီး လုပ်ပုံကိုင်ပုံတွေကို ရွေးချယ်ကြသည်။ လုပ်ပုံကိုင်ပုံတွေ ဖြစ်လာ သည်။

ဒုတိယအချက်အနေဖြင့် သဘောတရားတွေက ထိုနိုင်ငံရေးဇာတ်ကောင်တို့၏ လောက အမြင်၊ လောကကြီး မည်သို့လည်ပတ်လှုပ်ရှားနေသည်ဟု ရှုမြင်မှုတို့ကို အဆုံးအဖြတ်ပေး သည်။ အစိုးရ၏ ငွေကြေးသုံးစွဲကာ စီးပွားရေးလှုံ့ဆော်ရန် အားထုတ်ကြိုးပမ်းမှုများသည် စုစုပေါင်းဝယ်လိုအားကို တိုးပွားစေကာ ငွေဖောင်းပွမှုကိုသာ ဖြစ်စေမည်ဟု အင်အားကောင်း သော စီးပွားရေးသမားတွေက တခြားသောမူဝါဒတွေ ပေါ်ပေါက်လာအောင် အားပေးကြ၊ ကြိုးစားကြသည်။ ဝင်ငွေလိုအပ်နေသော အစိုးရက အခွန်ရှောင်မှာ မပူ၊ အခွန်မရှောင်နိုင်ဟု တွက်လျှင် အခွန်နှုန်း ခပ်နိမ့်နိမ့်သတ်မှတ်သည်။

တတိယနည်းအရ သဘောတရားတွေ၊ အကြံညဏ်တွေက နိုင်ငံရေးသမားတွေ မိမိတို့

mgyoe.com


ဆောင်ရွက်နိုင်သည်ဟု ယူဆသော မဟာဗျူဟာတွေကို ချမှတ်စေသည်။ လက်ရှိအာဏာရနေသူတွေအတွက် အာဏာမြဲနေစေရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ခုမှာ စီးပွားရေးလုပ်ငန်းတွေအားလုံးကို နှိပ်ကွပ်ထားခြင်းဖြစ်သည်။ တခြားနည်းတစ်ခုမှာ မိမိ၏ စီးပွားရေးအခြေခံတွေကို ဖြန့်ကျက်ထားပြီး စီးပွားရေးဖွံ့ဖြိုးမှု ပေါ်ပေါက်လာစေရန် အားပေးနိုင်သည်။ စီးပွားရေးအချိတ်အဆက်တွေလုပ် အုပ်စုတွေဖွဲ့မည်၊ နိုင်ငံတော်က ဦးဆောင်ကာ စက်မှု လက်မှုထူထောင်ရေးတွေ လုပ်မည်။ သို့မဟုတ် သူတို့စိတ်ကူးစိတ်သန်းတွေအပေါ် မူတည်ပြီး တခြားမဟာဗျူဟာ အမျိုးမျိုးချမည်။ ဖြစ်နိုင်သည့် မဟာဗျူဟာတွေ အမျိုးမျိုးရအောင်၊ မူဝါဒ ချမှတ်တတ်သူတွေ၊ ခေါင်းဆောင်တွေက ဆောင်ရွက်တတ်ကြသည်။ ရွေးချယ်စရာ မဟာ ဗျူဟာတွေများလာသည်နှင့်အမျှ လုပ်ပုံကိုင်ပုံတွေ၊ ရလဒ်တွေကလည်း အမျိုးမျိုးဖြစ်လာမည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း စီးပွားရေးစွမ်းဆောင်ရည်တွေ အလှည့်အပြောင်းဖြစ်ခဲ့ရသည်များကို အထက်ပါအချက် (၃) ချက်က ရှင်းပြနိုင်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များက တောင်ကိုရီးယား၊ ၁၉၇၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင် တရုတ်နိုင်ငံတို့၏ အပြောင်းအလဲကို အထက်ပါ အချက် (၃) ချက်ဖြင့် ရှင်းပြနိုင်သည်။ ထိုနှစ်နိုင်ငံစလုံးတွင် ကိုရီးယားစီးပွားရေးလုပ်ငန်းများနှင့် တရုတ်ကွန်မြူနစ်ပါတီတို့ကဲ့သို့သော အမြစ်တွယ်နေသည့် အကျိုးစီးပွားတွေက အနိုင်ရရှိခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရေးတွေ ဖြစ်ရသည်မှာ နိုင်ငံရေးပါဝါတွေ အပြောင်းအလဲကြောင့်မဟုတ်။ မဟာဗျူဟာသစ်တွေကြောင့် ဖြစ်သည်။ အမြစ်တွယ်နေသော အကျိုးစီးပွားတွေ ထိခိုက်အောင် လုပ်နိုင်၍ စီးပွားရေးအပြောင်းအလဲတွေ ဖြစ်ရခြင်းမဟုတ်၊ ထိုအကျိုးစီးပွားတွေ ဆက်လက်ရယူနိုင်ရန် ကွဲပြားခြားနားသော မဟာဗျူဟာတွေကို အသုံးပြုခြင်းကြောင့်သာ ဖြစ်သည်။

နိုင်ငံရေးဘောဂဗေဒသည် သံသယဖြစ်စရာ မလိုလောက်အောင် အရေးပါဆဲဖြစ်သည်။ လက်ရှိအခြေအနေအတိုင်း မပြောင်းမလဲရှိနေသည့်အတွက် မည်သူတွေ အကျိုးရှိ၊ မည်သူတွေ နစ်နာသည်ကို သေသေချာချာမသိလျှင် လက်ရှိမူဝါဒတွေကို သဘောပေါက်နားလည်ရန် ခက်ခဲမည်။ သို့သော် အမြစ်တွယ်နေသော အကျိုးစီးပွားတွေကို အလွန်အကျွံ အာရုံစိုက်လွန်းလျှင် မူဝါဒစိစစ်မှုတွေ၊ နိုင်ငံရေး အကွက်သစ်တီထွင်မှုတွေကို အာရုံလျော့ပါးသွားမည်။ စီးပွားရေး အပြောင်းအလဲတွေ ဖြစ်ပေါ်နိုင်စွမ်းသည် နိုင်ငံရေးအာဏာ၏ ပကတိအခြေအနေက ကန့်သတ်ထားခြင်းကိုသာ ခံရမည်မဟုတ်၊ အကြံတုံး၊ ညဏ်တုံးဖြစ်နေလျှင်လည်း အပြောင်းအလဲ မဖြစ်နိုင်။

mgyoe.com

mgyoe.com



# ဟန့်ပြငွေကြေးစစ်ပွဲ

တချို့ပညာရှင်များ၊ လေ့လာသူများက ဂျပန်နှင့် အမေရိကန်တို့၏ ငွေကြေးကိစ္စနှင့်ပတ်သက်၍ ယုံကြည်ချက်အပြည့် ကိုင်တွယ်ဆောင်ရွက်ခဲ့ပုံကို ကြိုဆိုလက်ခံသင့်သည်ဟု ရှုမြင်ကြသည်။ ကမ္ဘာ့အကြီးဆုံးနိုင်ငံများမှ အရာရှိများသည် ဖေဖော်ဝါရီလ ၁၅ ရက်နှင့် ၁၆ ရက်နေ့များက မော်စကိုတွင်တွေ့ဆုံကာ ငွေကြေးစစ်ပွဲကို ရပ်ဆိုင်းနိုင်ရန် ကြိုးစားခဲ့ကြသည်။ ဘဏ္ဍာရေးဝန်ကြီးတွေ၊ ဗဟိုဘဏ်တွေက ထိပ်သီးစက်မှုနိုင်ငံ ၂၀အုပ်စုဝင်နိုင်ငံများက ပို့ကုန်တိုးမြှင့်ရန်အတွက် ငွေတန်ဖိုးချပစ်သည့်နည်း သုံးကြမည်ကို စိုးရိမ်သည်။ နိုင်ငံတစ်နိုင်ငံက ငွေတန်ဖိုးချလိုက်လျှင် အိမ်နီးချင်းနိုင်ငံတွေ တခြားနိုင်ငံတွေဒုက္ခရောက်ကြမည်။

ဘရာဇီးနိုင်ငံခေါင်းဆောင်သော ထွန်းသစ်စ နိုင်ငံများက အမေရိကန်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်က ငွေစက္ကူအသစ်ရိုက်နှိပ်ကာ ငွေချေးစာချုပ်တွေ ဗာစ်ပုံတစ်ခေါင်းကြီးကို ဗဟိုဘဏ်က လိုက်ဝယ်ရာမှ ငွေကြေးစစ်ပွဲဖြစ်

mgyoe.com


အောင် စတင်လှုံ့ဆော်ခြင်းဖြစ်သည်ဟု စွပ်စွဲသည်။ ဈေးကွက်ထဲတွင် ငွေတွေ တစ်ပုံတစ်ခေါင်းကြီးဖြစ်နေအောင် ထိုသို့လုပ်ခြင်း (Quan-titatine Easing) ကြောင့် ရင်းနှီးမြှုပ်နှံသူတွေ၊ အကျိုးအမြတ် ကောင်းကောင်းရစေနိုင်သည့် ထွန်းသစ်စနိုင်ငံများ၏ ဈေးကွက်သို့ အပြေးအလွှားသွားရောက်စေသည်။ ထို့ကြောင့် ၎င်းနိုင်ငံများတွင် ငွေလဲလှယ်နှုန်းများ တက်သွားစေသည်။

ယခုအခါ ဂျပန်နိုင်ငံကိုလည်း ထိုသို့ပင်စွပ်စွဲကြသည်။ ဂျပန်ဝန်ကြီးချုပ်သစ်က တိုးတက်မှုပြန်လည်ရရှိစေရန်နှင့် ငွေကျုံ့တွမှု ပျောက်ကွယ်စေရန် ရဲရဲတင်းတင်း လှုံ့ဆော်မည်။ ယန်းငွေတန်ဖိုးကျမှသာ ပို့ကုန်တွေ မြှင့်တင်နိုင်မည်ဟု ပြောသည်။ စက်တင်ဘာလကုန်၌ ဝန်ကြီးချုပ်သစ်ဖြစ်လာတော့မည်ဟု သေချာသောအခါ ယန်းငွေသည် ဒေါ်လာနှင့်ယှဉ်လျှင် ၁၆ ရာခိုင်နှုန်း၊ ယူရိုငွေနှင့်ယှဉ်လျှင် ၁၉ ရာခိုင်နှုန်း စက်တင်ဘာလကုန်မှ စ၍ ကျဆင်းသွားခဲ့သည်။

တကယ်တော့ ယခုလောက် အပြစ်တင်စရာ မကျေမနပ်ဖြစ်စရာ အကြောင်းမရှိလှပါ။ အမေရိကန်တို့၊ ဂျပန်တို့ကို အပြစ်တင်မည့်အစား ချီးကျူးပင် ချီးကျူးထိုက်သည်။ ဥရောပဇုန်က အတုခိုးပြီး လိုက်လုပ်သင့်သည်ဟုပင် အီကောနော်မစ်မဂ္ဂဇင်းကြီးက ရေးသားသည်။

### စားချင်းမခုတ်၊ ပုံနှိပ်စက်ချင်းပြိုင်

စကားအပြောအဆို၊ အငြင်းအခုံတွေက အမေရိကန်နှင့် ဂျပန်တို့က သူတို့၏ ငွေကြေးတွေတန်ဖိုးကျအောင် ဇွတ်အတင်းအကျပ်ဖိအားပေးကာ ပို့ကုန်မြှင့်၍ သွင်းကုန်ကျရန် တိုက်ရိုက် ဆောင်ရွက်သည်ဟု ယူဆကြသည်ကို တွေ့ရသည်။ တစ်နိုင်ငံက ပို့ကုန်မြှင့်၊ သွင်းကုန်လျှော့ရန် ကြိုးစားလျှင် တခြားနိုင်ငံတွေအတွက် ပို့ကုန်ကျကာ သွင်းကုန်တွေ မြှင့်မည်။ တစ်ဦးချမ်းသာလျှင် တစ်ဦးဒုက္ခရောက်မည့်ကိန်း ဖြစ်သည်။ ထိုသို့ဆိုလျှင် နိုင်ငံတွေက အပြိုင်အဆိုင်



mgyoe.com

mgyoe.com

ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒတွေ ချမှတ်ကျင့်သုံးကြမည်။ သွင်းကုန်တွေကို ပိတ်ပင်တားဆီးကြမည်။ ထိုအခါ ကုန်သွယ်မှုပြိုကွဲမည်။

တကယ်တော့ အမေရိကန်တို့၏ လုပ်ပုံမှာ တစ်မျိုးဖြစ်သည်။

ဗဟိုဘဏ်က အတိုးနှုန်းကို သုညနီးပါးအထိ လျှော့ချလိုက်ပြီးသည့်အခါ ထပ်လျှော့၍ မရတော့။ သမားရိုးကျနည်းတွေ မရှိတော့။ ထိုအခါ ငွေချေးစာချုပ်တွေ လိုက်ဝယ်ကာ ဈေးကွက်ထဲ ငွေများများရောက်နိုင်အောင် လုပ်ရသည်။ သမားရိုးကျမဟုတ်သော နည်းသစ် နည်းအဆန်းများကို သုံးရသည်။ ဈေးနှုန်းတွေ တက်တော့မည်၊ ငွေဖောင်းပွတော့မှာဟု လူတွေထင်လာအောင် လုပ်ရသည်။

ဤမူဝါဒ၏ အဓိကရည်ရွယ်ချက်မှာ ပြည်တွင်းဝယ်လိုအားနှင့် ရင်းနှီးမြှုပ်နှံမှုတိုးလာရန်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် (ငွေဖောင်းပွမှုကို နုတ်ပြီး) အမှန်တကယ် အတိုးနှုန်းကျမည်။ အတိုးနှုန်းကျလျှင် အပ်ရန် ငွေစုရန်ထက် သုံးစွဲရန်၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အားပေးရာရောက်သည်။

ထို့အပြင် ဘေးထွက်ကောင်းကျိုးတစ်ခုမှာ အမှန်တကယ် အတိုးနှုန်းနိမ့်ကျခြင်းကြောင့် ငွေကြေးတန်ဖိုးကိုလည်း ကျဆင်းစေမည်။ ထိုမှတစ်ဖန် သွင်းကုန်တွေကို ဈေးကြီးစေသဖြင့် သွင်းကုန်တွေ လျှော့မည်။ သို့သော် သွင်းကုန်တွေ လျှော့မည်ဟု အပြတ်ပြော၍ မရသေးပါ။ ဤမူဝါဒကြောင့် ပြည်တွင်းဝယ်လိုအားတွေ တိုးပွားစေရန် ဆောင်ရွက်နိုင်လျှင် နောက်ဆုံးတွင် သွင်းကုန်တွေ တိုးပွား၍ပင် လာနိုင်သည်။

ဝယ်လိုအားနည်းကာ ငွေကျုံ့နေသော နိုင်ငံကြီးတစ်နိုင်ငံတွင် ငွေတွေ ကျယ်ပြန့်လာအောင် ဆောင်ရွက်သည့် နည်းလမ်းသည် ကျန်နိုင်ငံတွေအတွက် ဆိုးကျိုးမဖြစ်၊ ကောင်းကျိုးသာရနိုင်သည်ဟု တွက်ဆနိုင်သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က အမေရိကန်က ဈေးကွက်ထဲတွင် ငွေပေးရန် ပထမဆုံးအကြိမ် ဆောင်ရွက်လိုက်ခြင်းကြောင့် ကုန်သွယ်ဘက်နိုင်ငံများ၏ ထွက်ကုန်ကို ၀ ဒသမ ၀၃ ရာခိုင်နှုန်း တိုးပွားမြင့်တက်စေနိုင်သည်ဟု ဆိုသည်။ ဒေါ်လာ တန်ဖိုးကျသွားသောအခါ ဂျပန်ကလည်း မိမိနိုင်ငံတွင်းရှိ ငွေကျုံ့တွနေမှုကို အရှိန်မြှင့်၍ တိုက်ဖျက်ရန် လှုံ့ဆော်တိုက်တွန်းလိုက် သလိုဖြစ်သွားသည်။ ပစိဖိတ်သမုဒ္ဒရာ ဟိုဘက်ထိပ် ဒီဘက်ထိပ်ရှိ နိုင်ငံနှစ်ခု၏ ဆောင်ရွက်ချက်သည် ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှု ရရှိအောင် အင်အားပြင်းပြင်း ဆောင်ရွက်လိုက်ရာရောက်သည်။

ဥရောပက အရာရှိများက သူတို့၏ ပို့ကုန်တွေကို တန်ပြန်တိုက်ခိုက်မည် စိုးကြသည်။ ယူရိုငွေ၏ တန်ဖိုးကို တိုက်ရိုက်ထိန်းချုပ်ရန် ကြိုးစားနေကြသည်။ တကယ်တော့ ဥရောပက ဂျပန်ကို လိုက်အတုခိုးသင့်သည်။ အမေရိကန်လို ငွေချေးစာချုပ်တွေ ပြန်လိုက်ဝယ်သည့် နည်းကို သုံးသင့်က သုံးရမည်။ ဤနည်းဖြင့် ယူရိုငွေတန်ဖိုးတက်ကာ စီးပွားရေးတိုးတက်မှု နှေးကွေးနေသည့် ကိစ္စကို ဖြေရှင်းနိုင်မည်။

ဤနည်းမျိုးကို ဘရာဇီးလို ငွေဖောင်းပွမှုပြဿနာရှိနေသော နိုင်ငံများက လိုက်လုပ်၍

mgyoe.com

မရပါ။ သူတို့ အနေဖြင့်ဆိုလျှင် နိုင်ငံတွင်းသို့ အကျိုးအမြတ်များများရရေး မျှော်ကိုးပြီး အလော သုံးဆယ် ဝင်ရောက်လာသော ငွေတွေကြောင့် မတည်မငြိမ် ဖြစ်ရမည့်ကိစ္စကို ရေတိုခုခံသည့် နည်းအနေဖြင့် အတိုင်းအတာတစ်ခုအထိ အရင်းအနှီးဝင်ရောက်မှုကို ထိန်းချုပ် ခြင်းသည်သာ အကောင်းဆုံးနည်း ဖြစ်သည်။


အကယ်၍ ဂျပန်တို့က ယန်းငွေတန်ဖိုး တမင်ကျစေရန် ဈေးကွက်အတွင်း ဝင်ရောက် စွက်ဖက်ခြင်းဖြစ်လျှင် တစ်ကမ္ဘာလုံးက ဝိုင်းပြီး ဂျပန်ကို အပြစ်တင်ခွင့် ရှိသည်။ ထိုအခြေ အနေကို မရောက်သေးဘဲ ငွေကြေးစစ်ပွဲဖြစ်မည့်အရေးကို အစိုးရိမ်မပိုသင့်။

သို့ဖြစ်၍ အီကောနော့မစ်မဂ္ဂဇင်းကြီးက နိုင်ငံအချင်းချင်း တိုက်ရမည်မဟုတ်။ ကိုယ့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးနေခြင်းကိုသာ တိုက်ခိုက်ရန် ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက တိုက်တွန်းထားသည်။

❑

mgyoe.com

mgyoe.com



# မြန်မာအရေး အမေရိကန်မှာ ဆွေးနွေး

မြန်မာနိုင်ငံဟာ စည်းလွတ်ဈေးကွက် (Informal Market) နဲ့ တစ်ပိုင်းတစ်စစီ ပြန့်ကျဲနေတဲ့ဈေးကွက် (Segmented Market) အပေါ် အားကိုးနေရတာကို လျှော့ချဖို့ ခြေလှမ်းတွေပြင်နေတာဟာ မှန်ကန်တယ်။ ပြီးတော့ အလိုအပ်ဆုံးနေရာတွေ၊ ကဏ္ဍတွေကို စွမ်းအားစုတွေရောက် ရှိစေဖို့ ဘက်စုံမူဘောင်တစ်ခုလည်း တည်ဆောက်ထားတာဖြစ်တယ်လို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ စီးပွားရေးပညာရှင်က အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာ လုပ်တဲ့ ဆွေးနွေးပွဲမှာ ပြောကြားခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အာရှနဲ့ ပစိဖိတ်ဒေသဌာနအကြီးအကဲ အနူတ်ဆင်း (Anoop Singh) က မြန်မာနိုင်ငံဟာ လိုချင်တဲ့ ဘက်စုံ တိုးတက်မှုကို ရရှိဖို့ ပုံမှန်စီးပွားရေးကဏ္ဍ (Formal Sector) တည်ဆောက်ရေး အစီအစဉ်တွေ ဆက်လက်လုပ်ဆောင်ဖို့ မရှိမဖြစ် လိုအပ်တယ်လို့ ဆိုပါတယ်။

mgyoe.com

"အခု မြန်မာနိုင်ငံလုပ်ဆောင်ဖို့ ကြိုးစားတာက တစ်ခုတည်းသော ဈေးကွက်၊ စုစည်းထားတဲ့ ဈေးကွက်ဖြစ်အောင်လို့ စီးပွားရေးနဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည်ဖော်နေတာ ပြန့်ကျဲနေတဲ့၊ ဝင်ပြိုင်ဖြစ်နေတဲ့ ပြီးတော့ အရိပ်ဈေးကွက်တွေမှာရှိနေတဲ့ စီးပွားရေးလှုပ်ရှားမှုတွေ မရှိတော့အောင် လုပ်နေတာဖြစ်တယ်" လို့ သူက ပြောပြပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ဘရွတ်ကင်းအင်စတီကျူတို့ ပူးတွဲကျင်းပခဲ့တဲ့ ဆွေးနွေးပွဲမှာ အခုလို ပြောကြားခဲ့တာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်လောက်အတွင်း အရှေ့တောင်အာရှမှာ တည်ရှိတဲ့ မြန်မာနိုင်ငံမှာ မြန်မြန်ဆန်ဆန် သိသိသာသာ ပေါ်ပေါက်လာခဲ့တဲ့ အပြောင်းအလဲတွေကို စာရင်းကောက်ကြည့်ဖို့ အဲဒီအစည်းအဝေးကို ကျင်းပခဲ့တာဖြစ်ပါတယ်။

စီးပွားရေးနယ်ပယ်မှ ခေတ်မီဈေးကွက် အခြေခံစီးပွားရေး စနစ်တစ်ခုဖြစ်ဖို့ လိုအပ်တဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ တည်ဆောက်ဖို့ အလေးပေးဆောင်ရွက်နေတယ်။ အဲဒီထဲမှာ နိုင်ငံခြားငွေဖလှယ်နှုန်းစနစ်ကိုပြုပြင်တာ၊ ဘတ်ဂျက်ကို ပိုပြီးမြင်သာ ထင်သာ ရှိအောင်လုပ်တာ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ပြဋ္ဌာန်းတာ၊ စိုက်ပျိုးရေးနဲ့ မြေယာဥပဒေတွေ ပြဋ္ဌာန်းတာ၊ လွတ်လပ်တဲ့ ဗဟိုဘဏ်တစ်ခု ပေါ်ပေါက်ဖို့ ဥပဒေကြမ်းတစ်ခုရေးဆွဲတာတွေ ပါဝင်တယ်။

မြန်မာနိုင်ငံဟာ ဆယ်စုနှစ်ပေါင်းများစွာ စည်းလွတ်ကဏ္ဍကို မှီခိုလွန်းအားကြီးခဲ့တယ်။ ဒီတော့ စိုက်ပျိုးရေးကို အလိုအပ်ဆုံးနေရာမှာ ရင်းနှီးမြှုပ်နှံမှုတွေ မရောက်ခဲ့ဘူး။

"အခုဆိုရင် လူဦးရေရဲ့ သုံးပုံနှစ်ပုံလောက်ဟာ စိုက်ပျိုးရေးကို အားကိုးကြတယ်။ ကျေးလက်ဒေသမှာ နေထိုင်ကြတယ်။ ဒီကဏ္ဍဟာ ရင်းနှီးမြှုပ်နှံမှု အများကြီးလိုအပ်ပြီး ကျန်တဲ့ စီးပွားရေးအဆောက်အအုံနဲ့လည်း ပေါင်းစည်းမှုရှိဖို့ လိုအပ်တယ်။ စွမ်းအားစုတွေဟာ အားလုံးပါဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် တိုးတက်မှုရမယ့် ကဏ္ဍတွေဆီရောက်သွားအောင် ကြိုးစားနေကြတာဖြစ်တယ်"လို့ သူကပြောပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံရုံးအကြီးအကဲဟောင်း ပရစ်ဆီလာကလက်ပ်က တပ်မတော်အုပ်စိုးခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော်ကြောင့် မြန်မာနိုင်ငံဟာ စွမ်းရည်တွေ၊ ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေ အတော်လေး အားနည်းသွားခဲ့တယ်။ အဲဒီနေရာတွေမှာ နိုင်ငံကလူတွေအာရုံစိုက်ပြီး ဆောင်ရွက်ဖို့လိုတယ်။ စဉ်ဆက်မပြတ် ရှင်သန်နိုင်တဲ့ ဒီမိုကရေစီဖြစ်အောင် အထောက်အပံ့ပေးမယ့် စည်းမျဉ်းစည်းကမ်းတွေ အသည်းအသန် လိုအပ်နေတယ်။ အကောင်းဆုံး လုပ်ပုံလုပ်နည်းတွေကို နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းကူညီပြသပေးဖို့ လိုတယ်။ ကမ္ဘာတခြားတွေက အတွေ့အကြုံတွေကိုလည်း ဝေမျှပေးဖို့ လိုမယ်။ ဒါပေမဲ့ ခရီးရှည်ကြီးသွားရမှာ ပုံမှန်ပြန်ဖြစ်ဖို့ အနည်းဆုံး မျိုးဆက်နှစ်ခုသုံးခုလောက် ကြာမယ်လို့ သတိပေးသွားပါတယ်။

အမေရိကန် အာဆီယံစီးပွားရေးကောင်စီ အဖွဲ့အစည်းရဲ့ဥက္ကဋ္ဌ Frances Zwening ကတော့ မြန်မာနိုင်ငံကို သွားရောက်ရင်းနှီးမြှုပ်နှံတဲ့ သူတွေက ရေရှည်အမြင်နဲ့ကြည့်ဖို့ ဖိုက်တွန်း

 mgyoe.com 

လိုက်ပါတယ်။ မြန်မြန်ဆန်ဆန် ပွပေါက်တိုးမှာမဟုတ်ဘူး။ လွယ်လွယ်ကူကူ ဝင်လိုက်ထွက်လိုက်လုပ်လို့ရမှာ မဟုတ်ဘူး။ ကိုယ်ဘယ်သူနဲ့ သိသလဲဆိုတာ အရေးကြီးတယ်။ ကိုယ့်အရေး ကိုယ့်ကိစ္စကို သေသေချာချာ ဖိဖိစီးစီးလုပ်မှရမယ်။ စီးပွားရေးအကျိုးအမြတ်အတွက် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းတွေကို အတုယူအသုံးချနိုင်စွမ်းမှာ မြန်မာနိုင်ငံဟာ အတော်လေး အားနည်းနေသေးတယ်လို့ ဝေဖန်သွားခဲ့ပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် ဖြည်းဖြည်းပဲ ဖြစ်မယ်။ ဒါဟာလည်း ကောင်းတာပဲမဟုတ်လား။ နိုင်ငံရဲ့ ရည်မှန်းချက်ဟာ ပိုပြီး တာဝန်ယူဖို့နဲ့ ပိုပြီးမြင်သာ ထင်သာရှိဖို့ ဖြစ်သင့်တယ်လို့ သူက ဆက်ပြောသွားပါသေးတယ်။



Le_Raeffel က မြန်မာနိုင်ငံကို ပေးမယ့်အကူအညီတွေဟာ သိပ်ပြီးများ၊ သိပ်ပြီးမြန်နေ မလား၊ ခြေနိုင်လက်နိုင်ထက် ပိုပြီးအကူအညီပေးမိလို့ ကောင်းကျိုးထက် ဆိုးကျိုးဖြစ်သွားစေနိုင်မလားလို့ သတိပေးသွားပါတယ်။


တခြားနိုင်ငံတချို့မှာ အကူအညီတွေ ဆူနာမိလှိုင်းလုံးကြီးတွေ ပိုလို့မ့်ဝင်သွားတော့ ပြဿနာတချို့ ပေါ်ပေါက်ခဲ့တာ မိတ်ဆွေတစ်ယောက် ပြောသလိုဆို အကူအညီကြောင့် ဒုက္ခရောက်တာတွေ ကြုံဖူးပါတယ်တဲ့။ ဒါပေမဲ့ မြန်မာနိုင်ငံအစိုးရဟာ အလှူတွေ၊ အလှူရှင်တွေအတွက် လမ်းညွှန်ပေးမယ့် အမျိုးသားမူဝါဒ ဘောင်ချမှတ်ရေးဆွဲပြီးဖြစ်တဲ့အကြောင်း ထည့်ပြောသွားခဲ့ပါတယ်။

သံရုံးအကြီးအကဲဟောင်းက မြန်မာနိုင်ငံဟာ စိန်ခေါ်မှုတွေ အများကြီးကို ရင်ဆိုင်နေရပေမယ့် အုပ်ချုပ်ရေးနယ်ပယ်ကနေ တပ်မတော်ကို ဆွဲထုတ်ဖို့ ခြေလှမ်းတွေ အများကြီးလှမ်းခဲ့ပြီ ဖြစ်တယ်။ ပြုပြင်ပြောင်းလဲရေးတွေလည်း ဆက်လုပ်သွားမယ့် အလားအလာရှိတယ်လို့ ဆွေးနွေးသွားခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com



# မြန်မာ့စက်မှု တည်ထောင်ရေး ခရီးရှည်

(ယူနန် အရှေ့တောင်အာရှနှင့် တောင်အာရှ လေ့လာရေးဌာန olwoDZhu Zhenning ၏ အမြင်)

ယခင်လက သမ္မတကြီး ဦးသိန်းစိန်၏ မြန်မာ့စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ဆိုင်ရာ အစီရင်ခံစာတစ်ခုထွက်လာခဲ့သည်။ ထိုအစီရင်ခံစာတွင် ၁၇ နှစ်အတွင်း မြန်မာနိုင်ငံကို ခေတ်မီသော စက်မှုနိုင်ငံတစ်ခုဖြစ်စေရန် ၁၇ နှစ် စီမံကိန်းကို ကြေညာထားမည်။ ထိုအစီရင်ခံစာအပေါ်သုံးသပ်ဆွေးနွေးမှု အများအပြား ပေါ်ထွက်လာခဲ့သည်။ သို့သော် ဝေဖန်ချက်အများစုသည် သတိကြီးစွာချဉ်းကပ်သော၊ သံသယရှိသော ဝေဖန်မှုများဖြစ်နေသည်။

မြန်မာ၏ ပြုပြင်ပြောင်းလဲမှုများသည် သိသာထင်ရှားသော အောင်မြင်မှုများရရှိနေကြောင်း အထူးငြင်းပယ်ရန် မရှိပါ။ ထိုအောင် မြင်မှုများကြောင့်ပင် အစိုးရအနေဖြင့် ယခုကဲ့သို့ ရေရှည်စီမံကိန်းရေးဆွဲရန် အကြောင်းဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် မတ်လတွင် ရွေး

mgyoe.com

 mgyoe.com 

ကောက်တင်မြှောက်ခြင်းခံရပြီးနောက် ဦးသိန်းစိန်သည် ထိရောက်သော ခုန်ပျံကျော်လွှားမှုများ ပေါ်ပေါက်လာစေရန်အတွက် မူဝါဒများစွာ ချမှတ် ဆောင်ရွက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်မှ လွှတ်လိုက်ခြင်းသည် အပြောင်းအလဲ အချိုးအကွေ့တစ်ခု ဖြစ်သည်။

ထို့အပြင် စာပေစိစစ်ရေးကို ဖျက်သိမ်းခြင်း၊ လွှတ်လပ်စွာ စုဝေးခွင့်ပြုခြင်း၊ ဆန္ဒပြခွင့်၊ သပိတ်မှောက်ခွင့်များ ရှိလာခြင်းတို့ကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများသည် ယခင်က စစ်အစိုးရ၏ သံမဏိအုပ်ချုပ်မှုအား နည်းလုံးကို ပြောင်းပြန်လှန်ပစ်လိုက်သည်။ ပြည်သူလူထု၏ ဒီမိုကရေစီလိုအင်ကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ လူထုလူတန်းစား အသီးသီး၏ အကျိုးစီးပွားကို ပြန်လည် နေရာခွဲဝေချထားခဲ့သည်။ ထိုမျှော်လင့်သော ပြုပြင်ပြောင်းလဲမှုများကြောင့် ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မျှော်လင့်ချက်များ ပေါ်ပေါက်လာစေခဲ့သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းမှသာ ထောက်ခံမှုများ ရရှိခဲ့သည် မဟုတ်ပေ။ ကမ္ဘာတစ်ဝန်းမှလည်း အပြုသဘော တုံ့ပြန်မှုများကို ရရှိခဲ့သည်။ နိုဝင်ဘာလက အမေရိကန်သမ္မတ ဘားရက်ခ်အိုဘားမား မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သောအခါ အနောက်နိုင်ငံ အတော်များများက ဤ 'တစ်ကျော့ပြန် မွေးဖွားလာသောနိုင်ငံ' အပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးခဲ့ကြသည်။ အကူအညီများကိုလည်း စတင် ပေးကမ်းစပြုလာခဲ့သည်။ ထိုအခြေအနေတွင် သမ္မတကြီးဦးသိန်းစိန် ရည်မှန်းချက်ကြီးမားလာခဲ့သည်မှာ အံ့သြစရာမဟုတ်ပါ။

သို့သော် မြန်မာ့ပြုပြင်ပြောင်းလဲမှု ဒုတိယနှစ်မှစ၍ ၁၇ နှစ်အတွင်း စက်မှုလက်မှု ထူထောင်သည်ဆိုသည်မှာ အလေားသုံးဆယ်နိုင်လွန်းပြီး အကောင်းမြင်လွန်းနေသည်။

ပထမအချက်အနေဖြင့် မြန်မာနိုင်ငံ၏ အလားအလာသည် ကြိုတင်တွက်ဆ၍ မရသေးပါ။ လက်ရှိအစိုးရ၊ အထူးသဖြင့် အစိုးရ၏အတွင်းပိုင်းသည် စစ်ရေး ဗဟိုပြုမှုကြီးမားသည်။ သို့ဖြစ်ရာ တပ်မတော်၏ အဆင့်အတန်းနှင့် အကျိုးစီးပွားကို မြင့်မြင့်မားမား ဦးစားပေးပြုအာမခံကြသည်။

ဒုတိယအချက်အနေဖြင့် တိုင်းရင်းသားအရေးသည် မြန်မာနိုင်ငံအတွက် အခက်အခဲ အကျပ်အတည်း ဖြစ်နေဆဲဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်ရာ နိုင်ငံတစ်နိုင်ငံ အနေဖြင့် ရာစုနှစ်ပေါင်းများစွာ ရောထွေးနေသော ပြဿနာများကြောင့် ဒုက္ခရောက်နေသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ၎င်းတို့သည် အကြီးမားဆုံးသော အဟန့်အတားများ ဖြစ်နေသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရေရှည်ရည်မှန်းချက်သည် တိုင်းရင်းသား အချင်းချင်း ရင်ကြားစေ့ရေး၊ လူမှုသဟဇာတဖြစ်ရေး ရှိမရှိ အပေါ်တွင် မူတည်သည်။ ၎င်းတို့သည် ဒီမိုကရေစီ လူမှုအဆင့်မြှင့်တင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း အဓိကကျသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ယခုအထိ ထိရောက်သောအဖြေကို မတွေ့ရ

သေးပေ။

တတိယအချက်အနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးသည် လမ်းမှန်ပေါ် ရောက်နေသော်လည်း နိုင်ငံရေး ဒီမိုကရေစီအပြောင်းအလဲ၏ ကန့်သတ်မှုအောက်တွင် ရောက်နေသည်။ မကြာသေးမီအချိန်အထိ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စတင်နိုင်ခြင်းမရှိပါ။ သို့သော်လည်း နှုန်းရှင်မျှော ငွေလဲလှယ်စနစ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တို့သည် နိုင်ငံ၏ လိုအပ်ချက်များအတွက် လုံလောက်ခြင်း မရှိသေးပါ။ တခြားအရေးကြီးသော စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ကျန်ရှိနေပါသေးသည်။

စတုတ္ထအချက်အနေဖြင့် မြန်မာနိုင်ငံသည် ဆင်းရဲနေဆဲ၊ အားနည်းနေဆဲဖြစ်ပါသည်။ စက်မှုနိုင်ငံတစ်ခုအဖြစ် ကူးပြောင်းရန် ကြီးမားသော စီးပွားရေးကွာဟချက် ရှိနေဆဲဖြစ်သည်။ ချို့တဲ့ပြီး အခြေခံအဆောက်အအုံ အနည်းငယ်သာရှိသော ကျေးလက်ဒေသသည် လုံးဝဆင်းရဲကျပ်တည်းနေဆဲ ဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် ပညာရေး အားနည်းမှုတို့ကြောင့် မြန်မာနိုင်ငံသည် နောက်က ကျန်နေဆဲ ဖြစ်ပါသည်။ ရန်ပုံငွေ၊ နည်းပညာနှင့် အစွမ်းအစတို့မရှိလျှင် မြန်မာနိုင်ငံ၏ ရှေ့ခရီးတွင် တွေ့ကြုံရင်ဆိုင်စရာတွေကို နေ့ချင်းညချင်း ကျော်လွှားနိုင်မည် မဟုတ်ပါ။

ပဥ္စမအချက်အနေဖြင့် နိုင်ငံ၏သိသိသာသာ ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို ပြည်သူလူထု၏ စိတ်ဓာတ်မှာ အမီလိုက်ရန် ခက်ခဲပါသည်။ တချို့အနောက်တိုင်း သုတေသီများက မြန်မာနိုင်ငံရှိ အဖွဲ့အစည်း အတော်များများနှင့် အရာရှိများသည် လျင်မြန်သော အပြောင်းအလဲကို အမီမလိုက်နိုင်ကြသဖြင့် ဘေးရောက်ကုန်ကြသည်ဟု ထောက်ပြကြပါသည်။


ဆဋ္ဌမအချက်အနေဖြင့် ခေတ်မီသမိုင်းကို ပြန်ကြည့်လျှင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ထိုမျှလောက် တိုတောင်းလှသော ကာလတစ်ခုအတွင်း စက်မှုနိုင်ငံဖြစ်သွားသည်။ သာဓကမရှိပါ။

သို့ဖြစ်၍ လူမှုစီးပွားရေးမူဘောင်သည် လမ်းပြမြေပုံတစ်ခုထက် သင်္ကေတသဘောကို ပို၍ဆောင်နေကြောင်း အထက်ပါ ဆွေးနွေးချက်များအပေါ် အခြေခံ၍ ပြောလိုပါသည်။ မြန်မာနိုင်ငံအနေဖြင့် လျှောက်လှမ်းရာခရီးဝေးပါသေးသည်။

❑

mgyoe.com

mgyoe.com



# ကုမ္ပဏီတွေအပေါ် ယုံကြည်မှု

ကုမ္ပဏီများသည် ယနေ့ခေတ် ကမ္ဘာကြီး၏ အုတ်မြစ်ဖြစ်သည်။ အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်း၌ပင်လျှင် ကုမ္ပဏီ ခြောက်သန်းရှိ၍ လူသန်းပေါင်း ၁၂၀ ကို အလုပ်ပေးနေပြီး ဒေါ်လာ ၃၀ ထရီလီယံခန့် ပိုင်ဆိုင်ကြသည်။ ထွန်းသစ်စ နိုင်ငံတွေကလည်း အမေရိကန်ကို အမီလိုက်နေပြီ။ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း တရုတ်ကုမ္ပဏီ အရေအတွက် ၈၀ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် ကုမ္ပဏီတွေက ကမ္ဘာကြီး၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပါသလား။ အင်ရွန်တို့၊ လီမင်ဘရား သားစ်တို့က မဆောင်ရွက်ခဲ့ကြပါ။ ကုမ္ပဏီတွေပြိုကွဲခြင်းကြောင့် ကမ္ဘာ့ စီးပွားရေး အဆောက်အအုံ ထိခိုက်ရသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းချက်အရ ဘဏ္ဍာရေး အကျပ်အတည်းကြောင့် ဘဏ်တွေ ဒေါ်လာ နှစ်ထရီလီယံ ဆုံးရှုံးရသည်။ ထိုမှတစ်ဆင့် စီးပွားရေးလုပ်ငန်းတွေ အပေါ် ယုံကြည်မှုတွေ ပျက်ပြားစေသည်။ မကြာသေးမီက

mgyoe.com

mgyo.com

ကောက်ယူသော အလုပ်အကိုင်များနှင့် ပတ်သက်သည့် စစ်တမ်းတစ်ခု၌ နိုင်ငံရေးသမားများ ကဲ့သို့ပင် စီးပွားရေးလုပ်ငန်းရှင်တွေနှင့် ဘဏ်လုပ်ငန်းရှင်တွေကို ယုံကြည်မှုအနည်းဆုံးသူများ စာရင်းတွင် အတူတွေ့ရသည်။

အဘယ်ကြောင့် ထင်ရှားကျော်ကြားသော ကုမ္ပဏီတွေ ဖရိုဖရဲ ဖြစ်ကုန်ကြရသနည်း။ အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ကောလင်းမေယာ၏ စာအုပ်သစ်၌ အစုရှယ်ယာရှင်တွေမှာ အာဏာတွေ များလွန်းနေသည်ဟု ဝေဖန်ထားသည်။ ကုမ္ပဏီတွေ၏ အဓိကတာဝန်သည် အစုရှယ်ယာရှင်များ ပိုင်ဆိုင်သော တန်ဖိုးတက်ရေးဟု ဆိုရာတွင် လုပ်ငန်းများ၏ သဘောသဘာဝကို နားလည်မှု လွဲမှားနေသည်။ သာမန်ကုန်ပစ္စည်းတွေကို လူတွေပိုင်သလို ကုမ္ပဏီတွေကို မပိုင်၊ ကုမ္ပဏီများသည် တရားဥပဒေကြောင်းအရ သီးခြားရပ်တည်ခွင့်ရှိသော ပုဂ္ဂိုလ် အတုအယောင်တွေဖြစ်သည်။ အပေးအယူ စရိတ်တွေလျှော့စရာ၊ စာချုပ်တွေ ချုပ်စရာ၊ လက်နက် ကိရိယာတွေ တစ်ခုမျှသာမကပါ။ အလုပ်သမားတွေ၊ မန်နေဂျာတွေ၊ ရင်းနှီးမြှုပ်နှံသူတော စုစည်းကာ ရေရှည် ရည်မှန်းချက်တွေအတွက် တာဝန်ယူဆောင်ရွက်စေသော နည်းလမ်းများလည်း ဖြစ်ပါသည်။


အစုရှယ်ယာရှင်များ၏ ကောင်းကျိုးချမ်းသာကို ဦးစားပေးရမည်ဆိုသည့် အယူအဆသည် ပိုင်ဆိုင်မှုဖြန့်ကျက်ခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ၊ အလွန်အန္တရာယ်ကြီးသွားသည်ဟု သူက ယူဆသည်။ ကုမ္ပဏီကိုတည်ထောင်သော မိသားစုတွေက ကုမ္ပဏီကြီးထွား တိုးတက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အစုရှယ်ယာတွေ ထုတ်ရောင်းသောအခါ ပိုင်ဆိုင်မှု ဖြန့်ကျက်သွားသည်။ ထိုအခါ ပိုင်ဆိုင်သူနှင့် ထိန်းချုပ်သူ တသီးတခြားစီ ဖြစ်စေသည်။ ဤသို့ ခွဲခြားမှုကို အခြေခံကာ မန်နေဂျာတွေက ၎င်းတို့၏ အကျိုးစီးပွားတွက် ဆောင်ရွက်ကြသည်။ ပိုင်ရှင်တွေက နည်းလမ်းနှစ်ခုကိုသုံးကာ တုံ့ပြန်သည်။

ပိုင်ဆိုင်မှုက လူတစ်စုလက်ထဲမှာ မရှိတော့ဘဲ လူအများလက်သို့ ရောက်သွားသည့်အတွက် ခံစားရသော အကျိုးကျေးဇူးတွေ ရှိသည်။ ကုမ္ပဏီတွေလက်ထဲ ငွေများများ ရောက်သွားသည်။ ကျွမ်းကျင်သော မန်နေဂျာတွေ၏ အခန်းကဏ္ဍ ကျယ်ပြန့်လာသည်။ တည်ထောင်သော မိသားစုတွေဝင်ရှုပ်ခွင့်နည်းသွားသည်။ သို့သော် တစ်ဖက်တွင် ထိခိုက်နစ်နာမှုတွေ၊ စရိတ်တွေ ရှိသည်။ အနိုင်ကျင့်ဝယ်ယူခံရမည့် အန္တရာယ်ကြောင့် ရေရှည်အတွက် မြှုပ်နှံလိုစိတ်ကို လျှော့ပါးစေသည်။ ကုမ္ပဏီတွေ တည်ထောင်ရန်ထက် အရောင်းအဝယ်လုပ်ရန် စိတ်ထက်သန်နေကြခြင်းကြောင့် ဈေးကွက် အဖွဲ့အစည်းတွေပင် ပျက်စီးကုန်သည်။ တစ်ခါက အင်အားကြီးခဲ့သော ဗြိတိန်က ဂျီဘီအီးကုမ္ပဏီ၏ သာဓကကို ကြည့်ပါ။ အစုရှယ်ယာတွေကို ရောင်းနိုင် ဝယ်နိုင်ကြသည်ဆိုသည့် သဘောမှာ ကုမ္ပဏီ၏ ကံကြမ္မာကို ရေရှည်အောင်မြင်ရေး ထည့်မတွက်သူများ လက်ထဲထည့်ထားရသည့် အဓိပ္ပာယ် သက်ရောက်သည်။ ရက်နည်းနည်း (သို့)ရက်သတ္တပတ် အနည်းငယ်မျှသာ ပိုင်ဆိုင်ထိန်းချုပ်ထားသော သူများက နှစ်ပေါင်း ၂၀၀ ခန့် တည်ဆောက်ခဲ့ရသော ကုမ္ပဏီ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးရာရောက်နေသည်ဟု Kraft ၏ ဝယ်ယူဝါးမျိုခြင်းကို ခံလိုက်ရသော Cadbury ၏ ဥက္ကဋ္ဌက ဆိုသည်။

mgyo.com

mgyoe.com

ထိုသို့ အမဲလိုက်သလိုလုပ်သည့် လုပ်ရပ်တွေကို တားဆီးနိုင်သည့်နည်း ရှိ၊ မရှိ စဉ်းစားလာကြသည်။ ကုမ္ပဏီကို လည်ပတ်နေကြသူများ၏ ဘဏ္ဍာရေး မက်လုံးကို ပြောင်းလဲမပစ်နိုင်၍လည်း ကုမ္ပဏီများ၏ လူမှုရေးတာဝန် (Social Corporate Responsibility) ဆိုသည်မှာ စကားအရာထက်ပိုသည် မဟုတ်ပါ။ အစိုးရ၏ စည်းမျဉ်းစည်းကမ်းတွေ ဆိုသည်မှာ ပုံစံမတူသော ကုမ္ပဏီအမျိုးမျိုးကို တစ်ပုံစံတည်းထား၍ ဆက်ဆံတတ်ကြသည်မှာလည်း မကောင်း။ တစ်ခါတစ်ရံ ထိုစည်းမျဉ်းစည်းကမ်းတွေက ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်စေသည်။ တောင်ပင်လယ်ကုမ္ပဏီ ပြိုကွဲပြီးနောက် ပြဋ္ဌာန်းခဲ့သော ပူပေါင်းဥပဒေ (Bubble Act of 1720) ကြောင့် ဖက်စပ်ကုမ္ပဏီတွေတိုးတက်ဖွံ့ဖြိုးမှုကို နှစ် ၁၀၀ ခန့် နောက်ဆုတ်သွားစေခဲ့သည်။



ဖြစ်နိုင်သောတတိယနည်းလမ်းတစ်ခုမှာ ကုမ္ပဏီများ၏ ဗီဇထဲကို ရေရှည်မြင်တတ်၊ ကြည့်တတ်သည့် အကျင့်ရစေရန်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ဂျာမနီကုမ္ပဏီနှစ်ခုကို ရေရှည်အမြင်ရှိသော ဖောင်ဒေးရှင်းတွေက ပိုင်သည်။ ဂျာမနီတွင် ၁၉၄၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ဖွတ်အတင်း ဝယ်ယူမှုသုံးခုမျှသာရှိခဲ့သည်။ အမေရိကန်တွင် ဗြိတိန်လောက် အစုရှယ်ယာပိုင်ရှင်တွေ အာဏာမရှိ။ မန်နေဂျာတွေက ဖွတ် အတင်းဝယ်ယူမှုတွေကို ဟန့်တားနိုင်သော နည်းလမ်းများ အသုံးပြုနိုင်သည်။ နည်းပညာဆိုင်ရာ လုပ်ငန်းများ၌ မဲပေးခွင့်ရှိသော အစုရှယ်ယာနှင့် မဲပေးခွင့်မရှိသော အစုရှယ်ယာဟူ၍ နှစ်မျိုးခွဲထားပြီး မူလတည်ထောင်သူတွေက ဆက်လက်ကွပ်ကဲနိုင်ရန် စီစဉ်ထားသည်။ ဥပမာ Google ကို အပြင်လူတွေက ရယူခြင်း၊ သြဇာလွှမ်းမိုးခြင်းပြုရန် ခက်အောင်လုပ်ထားသည်။

mgyoe.com

ထို့အပြင် ဂေါပကလို အဖွဲ့အစည်းနှင့် အုပ်ချုပ်သော ကုမ္ပဏီတွေ တည်ထောင်နိုင်သည့် နည်းလမ်းရှိသေးသည်။ ကုမ္ပဏီတွေကို စောင့်ရှောက်ရမည့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့ထားပြီး ထို ဘုတ်အဖွဲ့က အကျိုးစီးပွား အမျိုးမျိုးကို ချိန်ဆပေးပြီး မူလကုမ္ပဏီ၏ တန်ဖိုးထားမှုတွေ မပျက်စီးရအောင် ထိန်းသိမ်းပေးမည်။ ပါဝါအမျိုးမျိုးရှိသော အစုရှယ်ယာတွေ ထုတ်ဝေ ရောင်းချမည်။ ရှယ်ယာ ဘယ်လောက်များများ ကိုင်ထားခြင်းသည် အရေးမကြီး ကြာကြာကိုင်ထားသည့် အပေါ်တွင်လည်း အရေးကြီးကာ မဲပေးခွင့်ရစေမည်။

လက်တွေ့တွင် ပြောသလောက် မလွယ်၊ ဂေါပကလိုအဖွဲ့တွေဖွဲ့ကာ စီမံသည့်တိုင် ကောင်းချင်မှကောင်းမည် ရှယ်ယာရှင်တွေ စီမံသည့် ကုမ္ပဏီများကဲ့သို့ တလွဲတွေဖြစ်နိုင်သည်။ ရထားလမ်းတွေကို ပုံသေဈေးနှုန်းသတ်မှတ်သဖြင့် ဒဏ်ကြေးဆောင်ရသော ကုမ္ပဏီရှိသည်။ ဂေါပကအဖွဲ့ကစီမံသော TTata ကုမ္ပဏီကို စာရေးယူသူက ချီးကျူးသည်။ သို့သော် အိန္ဒိယတွင် ကုန်သွယ်မှု အဟန့်အတားတွေလုပ်ကာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် Tata ကို တည်ဆောက်ရခြင်း ဖြစ်သည်။ ဉာဏ်ကြီးရှင် ကုမ္ပဏီတည်ထောင်သူများကလည်း ကုမ္ပဏီ ရေရှည်တွင် ကြီးပွားတိုးတက်စေသည့် တန်ဖိုးထားမှုတွေ သွတ်သွင်းပေးနိုင်သည်။ ကော်မတီတွေဖွဲ့ပေးကာ အုပ်ချုပ်ခိုင်းလျှင် တာဝန်ကျေသော ကုမ္ပဏီတွေဖြစ်မည့် အလားအလာ များသည်။

ကုမ္ပဏီတွေ အမျိုးစုံရှိနေခြင်းကြောင့် အကောင်းအဆိုး အစုံရနိုင်သည်။ ဆုံးဖြတ်ချက်ချရာတွင် ကောင်းသည့်ကုမ္ပဏီ၊ ရေရှည်မြှုပ်နှံရာတွင် ကောင်းသည့်ကုမ္ပဏီ၊ ဝန်ထမ်းမြဲစေသည့် ကုမ္ပဏီ စသည်ဖြင့် ပုံစံအမျိုးမျိုးရှိသည်။ မည်သည့်ပုံစံတစ်ခုသာ ကောင်းသည်ဟု သတ်မှတ်၍မရ တခြားနည်းဖြင့် တည်ထောင်သော ကုမ္ပဏီတွေကို အားမပေး၍မရ၊ အမျိုးအမည်ကွဲပြားလျှင် ပိုမို ရှင်သန်အောင်မြင်စေနိုင်သည်။

❑

mgyoe.com

mgyoe.com



# ခုတ်ရာတခြား

Wall Street Journal မှ Hugo Restall ၏ ၁၇-၃-၂၀၁၃ တွင် တင်ပြချက် Goodhart ၏ ဥပဒေအရ တိုင်းတာနည်းတစ်ခုသည် ဦးတည်ချက်တစ်ခု ဖြစ်သွားသောအခါ "နည်းလမ်းကောင်းတစ်ခုမဟုတ်တော့ပါ" ဟု ဆိုပါသည်။ ထိုအဆိုကို ထပ်မံဖြည့်စွက်လိုပါသည်။ ဦးတည်ချက်တစ်ခုသည် ပိုမိုကြီးမားသော ရည်မှန်းချက်ကို အန္တရာယ်ဖြစ်စေတတ်ပါသည်။

သာဓကတစ်ခုမှာ တရုတ်အစိုးရအရာရှိများက တက္ကသိုလ်ဘွဲ့ရများ အလုပ်အကိုင်ရရှိမှု နည်းပါးသည့်နှုန်းကိုကြည့်ပြီးနောက် တချို့သော တက္ကသိုလ်များက ဘွဲ့ရတွေ အလုပ်ရရှိရန် အာရုံစိုက်မှု နည်းနေကြောင်းပြသသည်ဟု ယုံကြည်ကြသည်။ ထိုအခါ ရည်မှန်းချက်တစ်ခု ချမှတ်လိုက်သည်။ တက္ကသိုလ်များက ကျောင်းသားများသည် ဘွဲ့မရမီအလုပ်အကိုင် ရရှိရန် တန်းစီထားကြောင်း အထောက်အထားပြရန် သတ်မှတ်လိုက်သည်။

mgyoe.com

ထိုအခါ အလုပ်အကိုင် ရရှိသည့်နှုန်းတက်သွားသည်။ အလုပ်အကိုင်ရရှိမှုသည် တိုင်းတာနည်း မဟုတ်တော့ဘဲ ရည်မှန်း ချက်ဖြစ်သွားသဖြင့် ထိုကိန်းဂဏန်းများက တက္ကသိုလ်ဘွဲ့ရများ၏ အလုပ်အကိုင်ရရှိမှုနှင့် ပတ်သက်၍ အသုံးဝင်သော သတင်းအချက်အလက်များကို မပေးနိုင်တော့ပေ။

ဒုတိယသာဓကဥ္စ ထိုင်းနိုင်ငံတွင် အစိုးရက ဆန်စပါးစိုက်ပျိုးသော လယ်သမားများ၏ ဝင်ငွေမြင့်မားလာသည်ကို မြင်လိုသည်။ သို့ဖြစ်၍ ဈေးကွက်ပေါက်ဈေးထက် ပိုပေး၍ ဝယ်သည်။ ရလဒ်မှာ လယ်သမားတွေက အရည်အသွေးထက် အရေအတွက်ကို ပို၍ဂရုစိုက်ကြခြင်း၊ အစိုးရဂိုဒေါင်တွင် ဆန်များပျက်စီးကုန်ခြင်း၊ အိမ်နီးချင်းနိုင်ငံများမှ ဆန်များမှောင်ခိုတင်သွင်းကာ ဈေးတင်ရောင်းချခြင်းတို့ကြောင့် ထုတ်လုပ်မှု စွမ်းအားကျဆင်းသွားခဲ့သည်။ အစိုးရငွေကြေး ဆုံးရှုံးသည့်အပြင် ထိပ်တန်းဆန်တင်ပို့သည့် နိုင်ငံဘဝမှ ထိုင်းနိုင်ငံလျော့ကျကာ ရေရှည်တွင် လယ်သမားများကို ထိခိုက်နိုင်သည်။

ထိုကိစ္စများနှင့် အစိုးရ၏ ဖွံ့ဖြိုးရေးမူဝါဒများ မည်သို့သက်ဆိုင်ပါသနည်း။

အစိုးရက ကြွယ်ဝချမ်းသာသော၊ တောင့်တင်းသော စီးပွားရေးအဆောက်အအုံတစ်ခု၊ နိုင်ငံတစ်ခု ဖြစ်လိုသည်။ ထိုနိုင်ငံတွင် ရရှိမည့် စရိုက်လက္ခဏာများ ရှိသည်။ ထိုအခါ အစိုးရက အဆိုပါစရိုက်လက္ခဏာများကို ကြွယ်ဝချမ်းသာရေးအတွက် ကြားခံရည်မှန်းချက်များအဖြစ် သတ်မှတ်သည်။ ထိုအခါ မလိုလားအပ်သောရလဒ်များ ပေါ်ထွက်လာသည်။

ကုန်သွယ်မှုပိုငွေရရှိရေး ဦးတည်ချက်ကြောင့် သွင်းကုန်လျော့နည်းရေး၊ ပို့ကုန် မြှင့်တင်ရေး မူဝါဒများချမှတ်စေပြီး ကြွယ်ဝမှု လျော့နည်းသွားစေခဲ့ပါသည်။

အပြည့်အဝတည်ငြိမ်သော အလုပ်အကိုင်ရရှိရေး ဦးတည်ချက်ကြောင့် အလုပ်သမားများကို အလုပ်မှ ထုတ်ပယ်ခြင်းမပြုရန် တားမြစ်သောဥပဒေများ ပြဋ္ဌာန်းခြင်းကြောင့် ကုမ္ပဏီများက အမြဲတမ်းလုပ်သား ငှားရမ်းလိုစိတ် လျော့နည်းသွားကြသည်။

လုပ်ခနှုန်း မြင့်မားစေလိုခြင်းကြောင့် အနည်းဆုံးလုပ်ခနှုန်း သတ်မှတ်လိုက်ရာ အလုပ်အကိုင်ခန့်ထားမှု နည်းသွားသဖြင့် ဆင်းရဲသားများကို ထိခိုက်စေပါသည်။

ရည်မှန်းချက်ကို ဦးတည်ချမှတ်သော မူဝါဒများကို အခြေခံအဆင့်မှာပင် စိန်ခေါ်ရင်ဆိုင်ရန် လိုပါသည်။ လူတစ်ဦးတစ်ယောက်သည် သူ၏ အကျိုးစီးပွားမြင့်မားစေမည့်ကိစ္စကို ကိုယ်တိုင်ဆုံးဖြတ်ခွင့် ရှိပါသည်။ ကိုယ်ကျိုးစီးပွားမြင့်မားရေးကို အခြေခံကာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပါသည်။ ထိုသို့ဆုံးဖြတ်၍ တစ်ဦးတစ်ယောက်စီ ကြွယ်ဝချမ်းသာလာသည့်အခါ တစ်နိုင်ငံလုံး ကြွယ်ဝချမ်းသာလာမည်။ ကျယ်ပြန့်ကြီးမားသော လွတ်လပ်မှုသည်သာလျှင် အဓိကရည်မှန်းချက် ဖြစ်သင့်ပါသည်။

အဘယ်ကြောင့် ဤအကြောင်းအရာကို အဓိကထားပြောရသနည်း။ လုပ်ငန်းငယ်များ အတွက် ပတ်ဝန်းကျင်ကို ဆွေးနွေးရာတွင် အများအားဖြင့် အခွန်အဆင့်၌ အရင်းအနှီးရရှိနိုင်မှုတို့ကိုသာ အဓိကထား၍ ဆွေးနွေးကြသည်။ ထိုအကြောင်းအရာများ အရေးကြီးသည်မှာ မှန်

သည်။ သို့သော်လည်း စည်းမျဉ်းစည်းကမ်းတွေအကြောင်း မျက်စိလျှမ်းနေတတ်ကြသည်။ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ရခြင်းအကြောင်းပြချက်သည် အများအားဖြင့် လွဲမှားနေသော ရည်မှန်းချက်တွေကြောင့် ဖြစ်နေတတ်သည်။

ဤကိစ္စသည် လမ်းပေါ်ကဈေးကွက်ကို စနစ်တကျဖြစ်စေလိုသော သဘောလို ရိုးစင်းပါသည်။ အစိုးရ– အထူးသဖြင့် အာဏာရှင်အစိုးရများသည် စည်းမဲ့ကမ်းမဲ့သလို ဖြစ်နေသည်မျိုးကို နည်းနည်းမျှ သည်းမခံနိုင်ကြပါ။ ဖွံ့ဖြိုးသော နိုင်ငံတစ်နိုင်ငံတွင် ပို၍စည်းကမ်းတကျရှိသော ဈေးကွက်များရှိသည်မှာ မှန်ပါသည်။ လမ်းဘေးမှာ ဆိုင်မရှိဘဲ ကုန်တိုက်များ၌ ဆိုင်ရှိနေခြင်းမှာ စားသုံးသူတွေက ကုန်တိုက်တွေပေါ်က ဆိုင်တွေကို တန်ဖိုးထားပြီး တန်ရာတန်ကြေးလည်း ပေးလို၍ဖြစ်သည်။ သို့သော် စောစောပိုင်းအဆင့်များတွင် စည်းကမ်းတွေသိပ်ချလျှင် ဖွံ့ဖြိုးတိုးတက်မှုကို ဖွတ်ဆွဲထားသလို ဖြစ်နိုင်ပါသည်။

ပြင်ပဈေးကွက် အလွတ်ဈေးကွက် ကြီးမားနေခြင်းသည် စည်းကမ်းထိန်းချုပ်မှု ကြီးမားခြင်း၏ အရိပ်လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ ပြင်ပတွင် လွတ်နေသည့်လုပ်ငန်းများ တရားဝင်နယ်ပယ်ထဲရောက်လာခြင်းကြောင့် တရားမဝင်လုပ်ရသည့်အတွက် ကုန်ကျသည့် စရိတ်စကများနှင့် မသေချာမရေရာမှုများ လျော့ပါးသွားသဖြင့် ၎င်းတို့၏ ထုတ်လုပ်မှု စွမ်းအားကို ချက်ချင်းတက်စေပါသည်။

ဆိုလိုသည်မှာ စောစောပိုင်းတွင် စည်းမဲ့ကမ်းမဲ့ဖြစ်နေသည်ကို ပို၍သည်းခံရန် လိုအပ်ပါသည်။ ထိုသို့ သည်းခံပြီးလျှင် ကိုယ်လိုချင်သော စည်းစနစ်ကျသည့်အဆင့်သို့ စီးပွားရေးအဆောက်အအုံ လျင်မြန်စွာ တိုးတက်လာပါမည်။ လမ်းဘေးဆိုင်များကို သူတို့ရောင်းနေကျနေရာများတွင် ရောင်းချခွင့်ပေးခြင်း၊ နေရာအသစ်များတွင် ရောင်းချခွင့်ပေးခြင်းတို့ဖြင့် ၎င်းတို့၏လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာနိုင်ပါသည်။ ထိုဆိုင်ရှင်များ အရင်းအနှီးလိုအပ်သောအခါ ဆိုင်နေရာများကို ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပြန်လည်ဖွံ့ဖြိုးတော့မည်ဆိုလျှင် ပြန်လည်ဝယ်ယူခြင်းတို့ ပြုနိုင်ပါသည်။

ဤလုပ်ပုံလုပ်နည်းကို တခြားသောစည်းမျဉ်းစည်းကမ်း အမျိုးမျိုးနှင့်ပတ်သက်၍လည်း ကျင့်သုံးနိုင်ပါသည်။ ရည်မှန်းချက်တစ်ခုပေါ်ပေါက်တိုင်း စည်းမျဉ်းစည်းကမ်း အသစ်တစ်ခု ရေးသည့် အလေ့အထကို ပြောင်းလဲစေလိုပါသည်။ စည်းမျဉ်းစည်းကမ်းအသစ်က မလိုလားအပ်သောရလဒ်များ ဖြစ်ပေါ်စေနိုင်ကြောင်း ကြိုတင်တွက်ဆထားသင့်ပါသည်။ အလုပ်အကိုင်တွေရရှိကာ အငယ်စားအလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက် ထားကြည့်ကြပါစို့။ အငယ်စား၊ အလတ်စားလုပ်ငန်းများအတွက် စီးပွားရေးအဆောက်အအုံထဲက အချို့နယ်ပယ်တွေကို ချန်ထားပါ။ သို့မဟုတ် ၎င်းတို့ကို အကူအညီပေးရန် အစိုးရအဖွဲ့အစည်းတွေ တည်ထောင်ပါ။ ထိုသို့ အကာအကွယ်ပေးမည် ဆိုလျှင် Goodhard နိယာမအရ အစိုးရကို အားကိုးသော လုပ်ငန်းတွေ၊ မိမိတို့၏ လက်ရှိအခြေအနေကို မပျက်စီးစေရန် ထိန်းသိမ်းလိုသော တဖွဲ့အစည်းတွေ ပေါ်ပေါက်လာမည်။ ထိုအခါ အငယ်စားအလတ်စားလုပ်ငန်းများတွင် ရှိမြဲ

mgyoe.com

ဖြစ်သော လျှင်မြန်စွာလိုက်လျောညီထွေ ပြောင်းလဲနိုင်စွမ်းကို ထိခိုက်မည်။

အရေးအကြီးဆုံးသော အငယ်စား၊ အလတ်စားလုပ်ငန်းများနှင့် ပတ်သက်၍ အစိုးရက ပေးနိုင်သည့်အကူအညီမှာ လူ့အဖွဲ့အစည်းက ပုဂ္ဂလိကလုပ်ငန်းတွေအပေါ် ဆန့်ကျင်လိုစိတ်ကို ကိုင်တွယ်ဖြေရှင်းပေးခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလုပ်သမားများသည် အမြတ်ရရေး ကြိုးပမ်းနေကြသော လုပ်ငန်းများက ခေါင်းဖြတ်ခြင်းကို ခံနေရသည်ဟူ၍လည်းကောင်း၊ အမြတ်ဆိုသည်မှာ အလုပ်သမားများထံမှ အစိုးရခိုးယူထားခြင်းဖြစ်သည်ဟူ၍လည်းကောင်း မြင်နေကြပုံရသည်။ ထိုအမြင်ကို ပြောင်းလဲပစ်ရန်လိုသည်။ ဥစ္စာဓနတွေ ဖန်တီးရာတွင် လုပ်ငန်းရှင်တို့၏ အရေးပါမှုကို တန်ဖိုးထားခြင်း၊ လုပ်ငန်းရှင်များရင်ဆိုင်ရသည့် အန္တရာယ်တို့ကို နားလည်ခြင်းဖြင့် အစားထိုးသင့်သည်။

စီးပွားရေးလုပ်ငန်း စတင်တည်ထောင်သူတွေကို လူ့အဖွဲ့အစည်းအတွက် စံပြအဖြစ် အစိုးရက အသိအမှတ်ပြုသင့်သည်။

အစိုးရသည် အနာဂတ်လုပ်သားများအတွက် အခြေခံကျွမ်းကျင်မှုများရရှိစေရန် အခြေခံပညာ သင်ကြားပေးရမည့် တာဝန်ရှိသည်။ သို့သော် ထိုအရည်အချင်းမရှိသည့် သက်လတ်အလုပ်သမား အများအပြားရှိနေခြင်းသည် ထူးခြားသည့်အခြေအနေတစ်ရပ် ဖြစ်သည်။ ၎င်းတို့အတွက် အကောင်းဆုံးနည်းလမ်းမှာ ဝယ်လက်ရှိနေသည့် ကျွမ်းကျင်မှုတွေကိုဖော်ထုတ်ကာ လေ့ကျင့်ပျိုးထောင်ပေးမည့် ပုဂ္ဂလိကသင်တန်းများ ရှာဖွေခြင်း၊ သင်တန်းများဖွင့်ပေးခြင်းတို့ ဖြစ်သည်။ အိန္ဒိယတွင် အိုင်တီနည်းပညာနှင့်ပတ်သက်၍ ပရိဂရမ်ရေးဆွဲခြင်း၊ စီးပွားရေး လုပ်ငန်းစဉ်များလက်ခံဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ သင်တန်းများပေးသည်ကို ကျွန်တော်တို့ တွေ့ဖူးပါသည်။ ထိုလုပ်ငန်းများနှင့်ပတ်သက်၍ လိုင်စင်နှင့် တခြားစည်းမျဉ်း စည်းကမ်းဆိုင်ရာ အဟန့်အတားများ ပယ်ဖျက်ပေးခြင်းသည် မြန်မာနိုင်ငံအတွက် အထူးပင် အရေးကြီးပါသည်။

❑

mgyoe.com